ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (15-9-2008) (၅၈၀၂)

ခန္တီစ တော ံ မင်္ဂလ မုတ္တမံ

သည်းခံခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပေးအပ်ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းမှ ထူးချွန် ကျောင်းသား၊ ကျောင်းသူများ သင်ကြားထူးချွန် ဆရာ၊ ဆရာမများ၊ အောင်ချက်အကောင်းဆုံး ကျောင်းနှင့် မြို့နယ်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားမှုထူးချွန်ဆုရ ဆရာ၊ ဆရာမ များ၊ အောင်ချက်အကောင်းဆုံးကျောင်းနှင့် မြို့နယ်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး၊ လေးဘာသာ ဂုဏ်ထူး ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း၊ ကြိုးစား အားထုတ်မှုဆုရကျောင်း၊ ပံ့ပိုးကူညီသည့် တက္ကသိုလ်ဆု၊ သုံးနှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း၊ သင်ကြားမှု ထူးချွန်ဆုရရှိသည့် ကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းမှ စံပြဆုရသည့် ဆရာမအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြရာ ဆုရရှိသူများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ The Mirror

ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

❒ နိုင်ငံတကာသတင်းများနှင့် အင်တာနက် နည်းပညာ သတင်းများ **စာမျက်နှာ- ၄၊ ၅**

❒ ရုရှားတွင် ခရီးသည်တင် လေယာဉ် ပျက်ကျသတင်း **စာမျက်နှာ- ၆**

❒ ဆောင်းပါးရှင် ကျော်ရဲမင်း၏ ဆောင်းပါး **စာမျက်နှာ- ၈၊ ၉**

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ (၁၈)နှစ်အောက် မြန်မာလူငယ်အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၁၄

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစား ပြိုင်ပွဲ၏ အသက် (၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အမှတ်အများဆုံး ရရှိကာ ဗိုလ်စွဲသွားခဲ့သည်။

စက်တင်ဘာ ၁၄ ရက်တွင် ကစားသော နောက်ဆုံး ပွဲစဉ်များတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းက လာအိုအသင်းကို အနိုင်ရရှိသွားသောကြောင့် မြန်မာလူငယ်အသင်း ဗိုလ်စွဲသွားခဲ့ခြင်း ဖြစ်သည်။ ပြိုင်ပွဲ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

အနိုင်ရမြန်မာ

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး အားကစားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် မြန်မာလူငယ်ဘောလုံးအသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၅-၉-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက် အဖျက်သမားများအန္တရာယ် အစဉ်သတိပြု ဖော်ထုတ်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် မရှိမဖြစ်သည့် လိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အစွမ်းကုန် ကြိုးပမ်းနေသည်။ တစ်ချိန်တည်းတွင် နယ်စပ်ဒေသများ အပါအဝင် နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိရာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံလျက်ရှိပြီး လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာ တိုးတက်ဖြစ်ထွန်း စည်ပင်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်နှင့် ပြည်သူတို့က နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေချိန်တွင် နိုင်ငံတော်ကို ဆန့်ကျင်နေသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများကလည်း တစ်ဖက်မှ နိုင်ငံရေးအရ ဖိအားပေးခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားမှု မျက်နှာဖုံးတပ်ပြီး ပြည်တွင်းဆူပူရေးနှင့် ဖောက်ခွဲဖျက်ဆီးရေး အဖျက်လုပ်ရပ်တို့ဖြင့် ပြည်သူများအား ထိတ်လန့်တုန်လှုပ်စေရန် ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လာကြသည်။

ပြည်သူများအနေဖြင့် မိမိတို့၏မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်မည့် အကြမ်းဖက်အဖျက်သမားများအားအမျိုးသားရေးအသိ၊လုံခြုံရေးသတိဖြင့်အစဉ်စောင့်ကြပ်ကြည့်ရှုဖော်ထုတ် သတင်းပေး၍ ကာကွယ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေး အင်တိုက်အားတိုက် ကြိုးပမ်းဖော်ဆောင်နေချိန်တွင် နိုင်ငံတည်ငြိမ်မှုနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို ထိပါးနှောင့်ယှက်ဖျက်ဆီးလာကြသည့် အဖျက်သမားများ၏ အန္တရာယ်များအား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မပြတ်သောသတိဖြင့် ဝိုင်းဝန်းတားဆီး ဖော်ထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Mr. Shin IMAIသည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အပူပိုင်းဇုန်ဒေသများတွင်ဆောင်ရွက်နေသည့် မြေအောက်ရေတွင်းတူးဖော်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှုနှင့် ကျေးရွာဆည်ကန်ငယ်များ ပြုပြင်မှုတို့တွင် FAO မှ ပူးပေါင်း ပါဝင် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Mr. Shin IMAI လာရောက်တွေ့ဆုံစဉ်။ (လယ်/ဆည်)

ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲနှင့် ယာဉ်တိုက်မှု မှုခင်းဓာတ်ပုံပြပွဲ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်း တိုင်းဦးစီးမှူးရုံးက ကြီးမှူးကျင်းပသော ယာဉ်အန္တရာယ် ကင်းဝေးရေး အသိပညာပေးဟောပြောပွဲနှင့် ယာဉ်တိုက်မှု မှုခင်းဓာတ်ပုံပြပွဲကို ဩဂုတ် ၂၈ရက်က ပုသိမ်မြို့ကင်မလင်းကျွန်းအဝေးပြေးစခန်း၌ ကျင်းပရာ ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတိုင်းဦးစီးမှူး ဦးသိန်းဝင်းနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတိုင်းဦးစီးမှူးဦးဂျွန်ရပ်စ်သောင်းတို့က ဖဲကြိုးဖြတ်၍ပြပွဲကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)မှထုတ်ပြန်ထားရှိသော ယာဉ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကိုအသေးစိတ်ရှင်းလင်း ဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတိုင်းဦးစီးမှူးဦးဂျွန်ရပ်စ်သောင်း၊ တိုင်းမော်တော်ယာဉ်ဌာန တာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးကြိုင်တို့က ပြည်သူများယာဉ် အန္တရာယ်ကင်းဝေးရေးအသိပညာပေးဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ မော်တော်ယာဉ်ပိုင်ရှင်များ၊ယာဉ်မောင်းများ၊ယာဉ်နောက်လိုက်များ တက်ရောက်ကြပြီး ယာဉ်တိုက်မှု မှုခင်းဓာတ်ပုံပြပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

High Definition Camera မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

TMW Enterprise Ltd. ၏ SONY Professional High Definition Camera မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

မိတ်ဆက်ရှင်းလင်းပွဲတွင် TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး**(အောက်ပုံ)** SONY Broadcast and Professional Product Division (Singapore)မှ Mr.John Low နှင့် ရုပ်ရှင်နှင့်ဗီဒီယိုဒါရိုက်တာ ဦးအောင်ကိုလတ်တို့က SONY Professional High Definition Camera၏ အရည်အသွေးများနှင့် အသုံးပြုနည်းများကို ရှင်းလင်းပြောကြားကြပြီး SONY မှ ထုတ်လုပ်သော 2 Million Resolution (VPL-FH 300) Projector ၏ Picture quality အပြည့်အဝ ရရှိစေရန် HD Cameraများနှင့် ရိုက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုရိုက်သူများအတွက် Standard Definition Camera များ အစား High Definition Camera များ ပြောင်းလဲ သုံးစွဲနိုင်ရန်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် TMW Enterprise Ltd မှ SONY HD Camera Recorderနှင့် Player ပစ္စည်းဝယ်ယူ သုံးစွဲသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ကြီးမှူး၍ စက်တင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC) ခန်းမ၌ ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း၊ဟောပြောပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) ဦးမော်သန်းက Tangible Capital in Business: Accounting requisites per Myanmar Accounting Standards ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ဟောပြောပွဲတက်ရောက်လိုသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် စက်တင်ဘာ ၂၂ရက်နောက်ဆုံးထား၍ အသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းကြရန်၊ စာရင်းသွင်းရာတွင် မိမိတို့၏ အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ ထို့အပြင် အသင်းမဝင်ရသေးသော လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် အသင်းရုံးခန်း၌ ရုံးချိန်အတွင်း အသင်းဝင် လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ရွှေ့ဖုံးမှ

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသည့် တနင်္သာရီတိုင်းအတွင်းရှိ ကျောင်းများ၏ အောင်မြင်မှုအခြေအနေ မှတ်တမ်းဓာတ်ပုံများနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၏ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ဓာတု၊ ရူပ၊ ဇီဝ၊ သိပ္ပံလက်တွေ့ခန်း၌ ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့စမ်းသပ် သင်ယူနေမှုများနှင့် မာ(လ်)တီမီဒီယာ ကွန်ပျူတာစာသင်ခန်းများအတွင်း သင်ကြားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း မြိတ်မြို့နယ်မှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ မြိတ်မြို့ မဇောကျေးရွာအုပ်စု ပြင်ကြီးကျေးရွာသို့ သွားရောက်၍ ကွင်းအမှတ်(၆၉) ဦးပိုင်အမှတ်(၂၉)၊ (၃၃)တို့ရှိ တောင်သူ ဦးအကြင်နှင့် ဦးငွေထွန်းတို့၏ ရွှေဘို(၁)စပါး နှစ်ဧကစိုက်ခင်း၌ မြေဩဇာကြဲပက်နေမှု၊ ဦးပိုင်(၃၀)၊ (၃၁)တို့ရှိ တောင်သူ ဦးဉာဏ်တင်နှင့် ဦးထွန်းအောင်တို့၏ နှစ်ဧကကွင်း၌ ရွှေဘို(၁)စပါး ပျိုးပင်များ စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မြိတ်တပ်နယ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံပြီး တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ညနေ ၃နာရီတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းနှင့်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးမှ အင်ဂျင်နီယာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံသည်။ (သတင်းစဉ်)

● မဲခေါင်ဒေသနိုင်ငံများမှ

အပြီးတွင် မြန်မာလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ပထမ၊ ထိုင်းလူငယ်အသင်းက သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယ ရရှိသည်။ မြန်မာအသင်းမှာ လာအိုနှင့် ပွဲဦးထွက် တစ်ဂိုးစီ သရေကျပြီး ထိုင်းလူငယ်ကို သုံးဂိုး-နှစ်ဂိုး၊ ဗီယက်နမ်ကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာလူငယ် ဘောလုံးအသင်းမှာ မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခြင်းဖြစ်ပြီး ၂၀၀၇ ပြိုင်ပွဲတွင် ယူ-၂၂ ပြိုင်ပွဲအဖြစ်လည်းကောင်း၊ ယခု ၂၀၀၈ ပြိုင်ပွဲတွင် ယူ-၁၈ ပြိုင်ပွဲအဖြစ်လည်းကောင်း ကျင်းပခဲ့ခြင်း ဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၀၈) အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၈) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်မွှာရုံကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၈) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူကြပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က (၁/၂၀၀၈) အစည်းအဝေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ထို့နောက် ၂၀၀၈ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကျင်းပခဲ့သော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ အထူးအစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အထူးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့၏ (၂/၂၀၀၈) အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆွေးနွေးဆုံးဖြတ်

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ စုဒ္ဒသမအကြိမ် သာသနတက္ကသီလ ဘွဲ့နှင်းသဘင် အခမ်းအနား၌ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များ စာရင်းကို တင်ပြဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များက အထွေထွေ ဆွေးနွေးကြပြီး သဘာပတိဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ က နိဂုံးချုပ်ဩဝါဒမြွက်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၆ ရက်တွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၊ တတိယဆုရ ရွှေနတ်တောင် အခြေခံပညာ အထက်တန်းကျောင်းများနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့အား အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလွင်မိုး၊ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှဦးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အလှူရှင် ၁၀ ဦးတို့က မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၇၄၀၀၀၀ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပပြီး သဘာပတိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁၁)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသူ မနှင်းနန္ဒာမင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနု ဆုချီးမြှင့်စဉ်။ (၃၂)

မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲ အစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်၏ မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲ အစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်၏ Business Manager ဦးတင်မောင်အေးလွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မာမီးခေါက်ဆွဲ ဖြန့်ဖြူးရောင်းချရေး Asia Light Co.,Ltd. မှ မာမီး Product တာဝန်ခံ ဦးနေမျိုးက မာမီးခေါက်ဆွဲ ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်၏ Business Manager ဦးတင်မောင်အေးလွင်က မာမီးခေါက်ဆွဲ၏ ကျပ်သိန်း ၁၂၀၀ ခဲခြစ်ကံစမ်းမဲအစီအစဉ်ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ကံစမ်းမဲဖောက်ပေးသည်။

မာမီးခေါက်ဆွဲမှ ကျပ်သိန်း ၁၂၀၀ ခဲခြစ်ကံစမ်းမဲ အစီအစဉ်ကို ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်မည်ဖြစ်ပြီး မာမီးခေါက်ဆွဲထုပ်များမှ ခဲခြစ်ကံစမ်းမဲပေါက်မဲဆု ကျပ် ၁၀ သိန်းဆုများ၊ ငါးသိန်းဆုများနှင့် တစ်သိန်းဆုများကို မာမီးခေါက်ဆွဲ၏ မြန်မာမာမီးဒါဘယ်ဒက်ကာလီမိတက် စက်ရုံတည်ရှိရာ အမှတ်(၄၁) အမှတ်(၃) လမ်းမကြီး မင်္ဂလာဒုံစက်မှုဇုန် ရန်ကုန်မြို့၌လည်းကောင်း၊ ပေါက်မဲဆု ကျပ် ငါးသောင်းဆုများ၊ နှစ်သောင်းဆုများ၊ တစ်သောင်းဆုများနှင့် ငါးထောင်ဆုများကို မြန်မာနိုင်ငံရှိ Asia Light ရုံးခွဲများတွင် လည်းကောင်း မှတ်ပုံတင်များနှင့်တကွ လာရောက်ထုတ်ယူနိုင်ကာ ပေါက်မဲဆု ကျပ် ၁၀၀၀ နှင့် ကျပ် ၅၀၀ များကိုမူ မာမီးခေါက်ဆွဲ အရောင်းဆိုင်များတွင် လဲလှယ်ထုတ်ယူနိုင်သည်။

ထို့အပြင် မာမီးခဲခြစ်ကံစမ်းမဲကတ်ပြား လဲလှယ်ပေးသော မာမီးခေါက်ဆွဲ အရောင်းဆိုင်များကိုလည်း ပေါက်မဲ၏ ၁၀ ရာခိုင်နှုန်းကို ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကံစမ်းမဲဆုများကိုမူ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် နောက်ဆုံးထား၍ လဲလှယ်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ မာမီးဒါဘယ်ဒက်ကာလီမိတက်၏ မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲအစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲတွင် မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်၏ Business Manager ဦးတင်မောင်အေးလွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မိုးသောက်ကြယ် အထွေထွေဗဟုသုတ စာအုပ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၄

ဗိုလ်ကြီးလှရွှေ (ငြိမ်း) ရေးသားပြုစုသည့် "မိုးသောက်ကြယ်" အထွေထွေ ဗဟုသုတစာအုပ် ၂၀၀၈/၂၀၀၉ ထွက်ရှိလာသည်။ **(ယာပုံ)**

အဆိုပါ စာအုပ်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးစာမေးပွဲ ဖြေဆိုမည့်သူများအပါအဝင် ဗဟုသုတလေ့လာလိုက်စားသူ အားလုံးအတွက် ပြုစုထားခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် စာမျက်နှာ ၃၀၀ ကျော်၊ အခန်း (၈)ခန်း ပါဝင်ပြီး မျက်မှောက်ရေးရာ သိမှတ်ဖွယ်ရာများ၊ တပ်မတော်ကဏ္ဍ၊ ပြည်ပဗဟုသုတ၊ ပြည်တွင်းဗဟုသုတ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးကဏ္ဍ၊ မြန်မာနှင့် အာဆီယံ၊ စာပဒေသာဟူ၍ ပါရှိကာ ရွှေမိသားစုစာပေမှ ဖြန့်ချိကြောင်းနှင့် ဖုန်း-၆၃၆၈၈၅သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖိလစ်ပိုင်၌ ဝမ်းလျှောရောဂါကြောင့် နှစ်စဉ် ကလေးငယ် ၁၀၀၀၀ခန့် သေဆုံးနေရ

မနီလာ စက်တင်ဘာ ၁၄

ဖိလစ်ပိုင်နိုင်ငံတွင် နှစ်စဉ် ဝမ်းလျှောရောဂါဖြင့်သေဆုံးသူကလေး ၁၀၀၀၀၀န်းကျင်ခန့်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အများဆုံး

ပြီးခဲ့သော ခုနစ်နှစ်တာကာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဝမ်းလျှောရောဂါဖြင့် သေဆုံးသူ ကလေးဦးရေမှာ ၇၀၀၀၀ ခန့်ရှိသည်။ ထိုဝမ်းလျှောရောဂါသည် အသက် ငါးနှစ်အောက် ဖိလစ်ပိုင် ကလေးငယ်များအကြားတွင် အသေအပျောက် အများဆုံးဖြစ်ပွားသည့် စတုတ္ထမြောက် ရောဂါဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)နှင့်ဖိလစ်ပိုင်ကျန်းမာရေးဌာနတို့မှ ရရှိသောစာရင်းအင်းများအရ မနီလာတိုင်းမ်သတင်းစာ၌ဖော်ပြထားသည်။

ထိုဝမ်းလျှောရောဂါဖြင့် သေဆုံးမှုသည် အရှေ့တောင်အာရှနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ နှိုင်းယှဉ်ကြည့်ပါက ဖိလစ်ပိုင်နိုင်ငံသည်နှစ်ဆနီးပါး ရှိကြောင်း သိရသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာမှုအရ ဝမ်းလျှောရောဂါဖြစ်ပွားမှုမှာလေ့လာသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံသည် ရောဂါဖြစ်ပွားမှုအပြင်းထန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဌာနမှ ပြောကြားသည်။

ရောဂါဖြစ်ပွား

အသက် ငါးနှစ်အောက် ကလေးငယ်၁ဒသမ၅သန်းခန့်မှာယင်းရောဂါဝေဒနာကို ခံစားနေရသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ ရေကောင်း ရေသန့်ရရှိမှုမရှိခြင်း၊ ပတ်ဝန်းကျင်မသန့်ရှင်းခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းလျှောရောဂါဖြစ်ပွားရသည်ဟုလေ့လာမှုအရ သိရှိရသည်။ ထို့ကြောင့် လာမည့် အောက်တိုဘာလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာ့လက်သန့်ရှင်းရေးနေ့ကို ပထမအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ကျန်းမာရေးအဖွဲ့၏ ကွင်းဆင်းလေ့လာရာတွင် လူဦးရေ ၉၀ ရာခိုင်နှုန်းမှာ အစာ မစားမီ၌ လက်ဆေးကြောင်း တွေ့ရှိရသော်လည်း အသက် ၁၂ နှစ်အောက် ကလေးငယ်များ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ အစာမစားမီ လက်မဆေးကြောင်း လေ့လာတွေ့ရှိရသည်။ အစာမစားမီ လက်ဆေးခြင်းသည် ကောင်းသောအမူအကျင့်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ အရာရှိများက ပြောကြားသည်။ ထို့ပြင် မကြာခဏ လက်ဆေးတတ်သည့် သူများတွင် အခြားရောဂါလက္ခဏာများ ကူးစက်မှု နည်းပါးစေကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့် ချီလီ ကုန်သွယ်ရေးတိုးမြှင့်ရန် သဘောတူ

ဆန်တီယာဂို စက်တင်ဘာ ၁၄

ချီလီနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အတွက် အထူးလုပ်ငန်းအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းရန် သဘောတူကြသည်ဟု ချီလီအာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။ ထိုအဖွဲ့၏ ဆောင်ရွက်ရမည့် အချက်တစ်ခုမှာ နှစ်နိုင်ငံအတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ထုတ်ကုန်ကဏ္ဍကို စူးစမ်းဖော်ထုတ်ရန် ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာစီးပွားရေးရာညွှန်ကြားရေးမှူးကာလို့စ်ဖာချီက ပြောကြားသည်။

မော်စကို၌ ချီလီ-ရုရှား စီးပွားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ အစိုးရတွင်း ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ပြီးဆုံးပြီးနောက် အဆိုပါအုပ်စုသည် ၂၀၀၉ခုနှစ် ဇန်နဝါရီတွင် လုပ်ငန်းစတင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်တာနက် နည်းပညာသတင်းများ

ဆိုနီ လက်တော့ပ် ကွန်ပျူတာ ၇၇၇၀၅ လုံးကို ပြန်လည်သိမ်းဆည်း

ပေကျင်း စက်တင်ဘာ ၁၄

ဆိုနီကုမ္ပဏီသည် ကွန်ပျူတာအစိတ်အပိုင်းများ၏ ချွတ်ယွင်း မှုကြောင့် အပူရှိန် အလွန်မြင့်တက်မှုဖြစ်ပွားပြီး အန္တရာယ်ရှိနိုင်သည့်အတွက် တရုတ်နိုင်ငံတွင် ဗွိုင်အေအိုင်အိုလက်တော့ပ်ကွန်ပျူတာ **(အပေါ်ပုံ)** ၇၇၇၀၅ လုံးကို ပြန်လည်သိမ်းဆည်းနေကြောင်း တရုတ်နိုင်ငံ အများ ပြည်သူများ အကျိုးစီးပွားကာကွယ်ရန် စောင့်ကြည့်လေ့လာရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

တင်ပြချက်

ယင်းကွန်ပျူတာတွင် လက်တော့ပ်နှင့် ဆက်ထားသောဝိုင်ယာကြိုးစနစ် ချွတ်ယွင်းမှုများရှိခြင်း၊ ပါဝါခလုတ်အနီး သို့မဟုတ် လက်တော့ပ်ဖန်သားပြင်ပတ်လည်တွင် အလွန်အကျွံပူလာခြင်း၊ တစ်ခါတစ်ရံ ရုပ်ပုံကြည်လင်ပြတ်သားမှု အားနည်းသွားခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တင်ပြချက်အား ဆိုနီကုမ္ပဏီက ပြောကြားခဲ့သည်။

လုပ်ဆောင်ပေးမည်

ပြန်လည်သိမ်းဆည်းမည့် လက်တော့ပ်များမှာ ၂၀၀၇ ခုနှစ် ဇူလိုင်လနှင့် ၂၀၀၈ခုနှစ် ဇူလိုင်လအကြား ထုတ်လုပ်ခဲ့သော ဗွိုအေအိုင်အိုဗွီဂျီအင်န်-တီဇက်အမျိုးအစားများ ဖြစ်ကြောင်းသိရသည်။ ဆိုနီလက်တော့ပ်သုံးစွဲသူများက ကုမ္ပဏီကိုဆက်သွယ်အကြောင်းကြားပြီး ဆိုနီကုမ္ပဏီက အရည်အသွေးများ စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု အခမဲ့လုပ်ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

အင်တာနက်။

ကိုလံဘိုအနီး ရထားလမ်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကိုလံဘို စက်တင်ဘာ ၁၄

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီး ရထားလမ်းတစ်ခု၌ စက်တင်ဘာ ၁၁ရက်က နှစ်ရက်အတွင်း ဒုတိယအကြိမ်ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ သို့သော် ဗုံးပေါက်ကွဲခြင်းကြောင့် ဒဏ်ရာရရှိသူမရှိကြောင်းနှင့်ပျက်စီးမှုအနည်းငယ်သာရှိကြောင်းစစ်ဘက်ကပြောကြားသည်။ယင်းဗုံးပေါက်ကွဲမှုသည် ကိုလံဘိုမြို့မြောက်ဘက် ၁၀ ကီလိုမီတာခန့်အကွာရှိ ကီလာနီရာဒေသအနီး ရထားလမ်းတွင်ဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**စောစောပိုင်းက ကြိုတင်ကာကွယ်မှုတစ်ခု အနေဖြင့် လမ်းကြောင်းပေါ်ရှိ ရထားအားလုံးကို ရပ်ဆိုင်းထားကြောင်း ရထားလမ်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စက်တင်ဘာ ၁၀ရက် ညပိုင်းက ကိုလံဘိုမြို့တောင်ဘက် လာဗီနီးယာတွင် ရထားလမ်းပိုင်း၌ အသေးစား ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

သို့သော် ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုမှာ မည်သူ့လက်ချက်ဖြစ်သည်ကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လော့စ်အိန်ဂျလိစ်တွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်၊ ၂၅ ဦးသေဆုံး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ၁၄

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိစ်၊ ဆန်ဖာနန်ဒိုတောင်ကြားတွင် သောကြာနေ့က ခရီးသည်တင်ရထားနှင့် ကုန်ရထားတစ်စင်းတို့ တိုက်မိကြရာ အနည်းဆုံး ၂၅ ဦး သေဆုံးကြောင်း လော့စ်အိန်ဂျလိစ် မီးသတ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

မီးသတ်ဌာန ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာမတ်စ် အက်စတိန်းက ခရီးသည်ရထားတွဲအတွင်း၌ အနည်းဆုံး နှစ်ဦးခန့် ပိတ်မိနေသေးကြောင်း၊ သို့သော် အသက်ရှင်လျက် ရှိမရှိကို အသေအချာမသိရကြောင်း စနေနေ့ စောစောပိုင်းက ပြောကြားခဲ့သည်။ လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့အရာရှိ ဂျွန်ရိုမီရိုကသေဆုံးသူအရေအတွက်မှာ ပိုမိုလာနိုင်ဖွယ်ရှိသည်ဟု ပြောကြားသည်။

မီးသတ် တပ်ဖွဲ့ဝင်များသည် ရထား အပျက်အစီးများအကြား ဆက်လက် ရှာဖွေနေကြရာ သေဆုံးသူအရေအတွက်မှာ တိုးလာလျက်ရှိသည်။ ဒဏ်ရာရရှိသူ အရေအတွက်မှာ ၁၃၅ ဦး ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အင်ဒိုနီးရှား ဖရီးပို့ ရွှေတွင်းမိုင်းအနီး ဗုံးနှစ်လုံးကွဲ

ဂျကာတာ စက်တင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ကြေးနီနှင့် ရွှေတွင်းများဆီသို့ ဦးတည်သွားသော လမ်းမပေါ်တွင် ဗုံးနှစ်လုံး ပေါက်ကွဲကြောင်း၊မပေါက်ကွဲသေးသော ဗုံးတစ်လုံးကိုလည်း အနီးတွင် တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိဘဲ အပျက်အစီး အနည်းငယ်သာရှိသည်ဟု ဆိုသည်။

ဖရီးပို့မက်မိုရန် ကြေးနီနှင့် ရွှေကုမ္ပဏီမှ တူးဖော်လျက်ရှိသော မိုင်းအနီး၌ ပေါက်ကွဲခြင်းဖြစ်သည်။ ပါပူရာပြည်နယ် ဂရပ်စ်ဆတ်မိုင်းမှ ၁၀မိုင်ဝေးသော တံတားတစ်ခုနှင့် လုံခြုံရေးစခန်းကို ပစ်မှတ်ထား၍ ဗုံးခွဲခြင်း ဖြစ်သည်ဟု ပီတီဖရီပို့ အင်ဒိုနီးရှားမှ ပြောရေးဆိုခွင့်ရှိသူ မင်ဒိုပန်ဂါရီဗွမ်က ပြောကြားသည်။

အင်တာနက်။

ပုံတူမျိုးပွား ဝက်ကလေးများ တရုတ်၌ မွေးဖွား

ချန်ချွန်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံအရှေ့မြောက်ဘက် ကျီလင်ပြည်နယ်၌ ကျွဲ၊နွား၊ဝက်စသည့် တိရစ္ဆာန်များတွင် ဖျားနာမှု ဖြစ်စေသော ဗိုင်းရပ်စ်ပိုးကို ခုခံနိုင်စွမ်းရှိသော မျိုးရိုးဗီဇပါသည့် ဝက်ကလေးသုံးကောင်အား ပုံတူမျိုးပွား မွေးဖွားပေးခဲ့ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။ **(အပေါ်ပုံ)**

ကျီလင်တက္ကသိုလ်

အလေးချိန် ၁၀၅၀ ဂရမ်၊ ၁၁၀၀ ဂရမ်နှင့် ၅၅၀ ဂရမ်ရှိသော ဝက်ကလေးများကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ကျီလင်တက္ကသိုလ် စိုက်ပျိုးရေးဌာန၏ ဝက်မွေးမြူရေးခြံတစ်ခုတွင် မွေးဖွားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ဒူဂျေးတွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ဆွန်နီအုပ်စုမှ လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ကားဗုံးပေါက်ကွဲသဖြင့် အမေရိကန်ထောက်ခံသည့် ဆွန်နီအုပ်စုမှ အကြီးအကဲတစ်ဦး အပါအဝင် လေးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းကားဗုံးပေါက်ကွဲမှုသည် စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကားပေါ်တွင် လိုက်ပါလာသော ဆွန်နီအုပ်စု အကြီးအကဲဖြစ်သူ ဖူအက်အာလီ ဟူစိန်အပါအဝင် ၎င်း၏ လက်ထောက်တစ်ဦးနှင့် သက်တော် စောင့်နှစ်ဦး သေဆုံးခဲ့ရကြောင်း သိရှိရသည်။

ဟူစိန်သေဆုံးကြောင်းကို အမည်ဖော်ပြခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆွန်နီအုပ်စုမှ အခြားအကြီးအကဲတစ်ဦးတို့က အတည်ပြုပြောကြားခဲ့သည်။

အင်တာနက်။

ရှေ့ကမှန် နိုင်ငံတကာသတင်းများ

အာဖဂန်တောင်ပိုင်း၌ ကားဗုံးဖြင့် တိုက်ခိုက်

စပင်ဘိုးဒက် (အာဖဂန်နစ္စတန်) စက်တင်ဘာ ၁၄

အာဖဂန်နစ္စတန်တောင်ပိုင်း ကင်ဒါဟာပြည်နယ် စပင်ဘိုးဒက်ခရိုင်တွင် စက်တင်ဘာ ၁၄ရက်က ကုလသမဂ္ဂအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော အာဖဂန်ဆရာဝန်များ တင်ဆောင်လာသည့် ယာဉ်တန်းကို အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဆရာဝန်နှစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ၁၀ ဦးနှင့် ယာဉ်တန်း လုံခြုံရေးအစောင့် အာဖဂန်တပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

အီရတ်တွင် ရုပ်/သံဝန်ထမ်းလေးဦးကို အမည်မသိလက်နက်ကိုင်များ သတ်ဖြတ်

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

ရုပ်မြင်သံကြားဝန်ထမ်းလေးဦးကို အမည်မသိ လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အယ်လ်ဂျာဇီယာရုပ်မြင်သံကြားမှ ဝန်ထမ်းများသည် ညနေပိုင်းတွင် မိုဆူးလ်မြို့ မြောက်ပိုင်း၌ အဖမ်းခံခဲ့ရကြောင်း ၎င်းရုပ်သံကပြောကြားသည်။

သေဆုံးသူများတွင် မိုဆူးလ်ဌာနခွဲအကြီးအကဲ မာဆတ်မာမွတ်အယ်လ်အဇာဗီ၊ ရုပ်သံရိုက်ကူးသူနှစ်ဦးနှင့် ကားမောင်းသူတစ်ဦး ပါဝင်သည်။

နိုင်းဗတ်ပြည်နယ် ရဲဌာနအကြီးအကဲက အမည်မသိလက်နက်ကိုင်များဟု သံသယ ရှိသူနှစ်ဦးကို စစ်ဆေးလျက်ရှိသည်ဟု ပြောကြားသည်။ ၎င်းတို့၏ ကားထဲမှ ရိုင်ဖယ်တစ်လက်နှင့် ပစ္စတိုတစ်လက်တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက် စစ်ဆေးရေးဂိတ်တွင် ဗုံးကွဲ၊ လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် ဗုံးတစ်လုံးပေါက်ကွဲရာ လေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။

သေဆုံးသူများမှာ အီရတ်ရဲတပ်ဖွဲ့ ကွန်မန်ဒိုသုံးဦးနှင့် အယ်လ်ခိုင်ဒါကို ဆန့်ကျင်သော ဆွန်နီအုပ်စုမှ လက်နက်ကိုင်တစ်ဦးတို့ ဖြစ်သည်ဟု ရဲတပ်ဖွဲ့နှင့် ဆရာဝန်များက ပြောကြားသည်။

အီရတ်လုံခြုံရေးဝန်ထမ်းခုနစ်ဦးနှင့် လမ်းသွားလမ်းလာနှစ်ဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံးခဲ့ရာ ဝမ်းနည်းကြေကွဲနေသော မိသားစုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် တိုက်ပွဲဖြစ်ပွား နိုင်ငံစုံတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး

ကဘူးလ် (အာဖဂန်နစ္စတန်) စက်တင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံရှိ ဂါဇာနီပြည်နယ် အလယ်ပိုင်းတွင် တာလီဘန် စစ်သွေးကြွများ၏ ချောင်းမြောင်း ပစ်ခတ်မှုကြောင့် အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ ကင်းလှည့်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါတိုက်ပွဲတွင် နိုင်ငံစုံတပ်ဖွဲ့ဝင် ခုနစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ရပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ၂၀၀၇ ခုနှစ်မှစတင်၍ တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၀ကျော်ရှိပြီ ဖြစ်သည်ဟု သိရှိရသည်။

ကာအိုပြည်နယ်တွင် စက်တင်ဘာ ၁၃ရက်က အမေရိကန်နှင့် အာဖဂန် ပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ရုတ်တရက် ဝင်ရောက်စီးနင်း တိုက်ခိုက်မှုကြောင့် စစ်သွေးကြွအများအပြား သေဆုံးခဲ့ပြီး အခြားနှစ်ဦးကိုဖမ်းမိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်အကြမ်းဖက်မှုများကို အခြေပြု၍ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ယခုနှစ်အတွင်း လူ၄၁၀၀ကျော်သေဆုံးခဲ့ရပြီး ၎င်းတို့အထဲတွင် စစ်သွေးကြွများ အများဆုံးပါဝင်သည်ဟု ဆိုသည်။

အင်တာနက်။

အင်ဒိုနီးရှား၌ ငလျင်လှုပ်

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူလူပြည်နယ်တွင် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက်၇ နာရီ ၄ မိနစ်က ၆ ဒသမ ၁အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ယင်းငလျင်လှုပ်မှုကြောင့်အပျက်အစီးနှင့် သေကျေဒဏ်ရာရရှိမှုမရှိကြောင်း မိုးလေဝသနှင့် သဘာဝဗေဒဆိုင်ရာ ဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် မာလူလူပြည်နယ် မြို့တော် အမ်ဘွန်အရှေ့မြောက်ဘက် ၉၇ ကီလိုမီတာအကွာရှိ ပင်လယ်ပြင်ကိုဗဟိုပြု လှုပ်သွားကြောင်း ယင်းဌာနက ပြောကြားသည်။

အင်တာနက်။

တိုင်ပေကျွန်း နန်ဖန်အိုမြို့တွင် စင်လာကူမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းလုံးကြီးများ ရိုက်ခတ်နေသည်ကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်လာကူမုန်တိုင်း တိုင်ပေကျွန်းကိုတိုက်ခတ် မိုးသည်းထန်စွာရွာ၍ မြေပြို

တိုင်ပေ စက်တင်ဘာ ၁၃

တိုင်ဖွန်းမုန်တိုင်းစင်လာကူသည် တရုတ်တိုင်ပေကျွန်းကို စနေနေ့က ဝင်ရောက်တိုက်ခတ်ရာ ကျွန်း၏ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုခဲ့ကြောင်း အမျိုးသားမိုးသတ်ဌာနက ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်း စင်လာကူသည် ကျွန်း၏အရှေ့မြောက် ပင်လယ်ကမ်းခြေ အိုင်လန်မြို့၏ အရှေ့ဘက် ကီလိုမီတာ ၉၀ (၅၅)မိုင်အကွာတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၂၀၉ ကီလိုမီတာ (မိုင်၁၃၀)ဖြင့်တိုက်ခတ်နေသည်ဟု မိုးလေဝသဌာနနှင့်ဒေသဆိုင်ရာသတင်းဌာနများက ပြောကြားသည်။

တရုတ်တိုင်ပေရှိ ကျောင်းများနှင့် ရုံးများကိုပိတ်ထားရန်စနေနေ့ကအမိန့်ထုတ်ထားသည်။ မုန်တိုင်းဒဏ်ကို ပြင်းထန်စွာ ရင်ဆိုင်ကြုံတွေ့ရမည့် အရပ်ဒေသများကို သောကြာနေ့ နှောင်းပိုင်းမှစတင်ကာ သတိပေးချက် ထုတ်ပြန်ထားသည်။

ရုပ်မြင်သံကြားမှပင်လယ်ကမ်းခြေဒေသများတွင် ပင်လယ်လှိုင်းလုံးများ၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများနှင့် သစ်ပင်များ အမြစ်မှ ကျွတ်ထွက်ကာ လဲကျခြင်းများကို ပြသခဲ့သည်။ လေယာဉ်ခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့သည်။

ဂျပန်နိုင်ငံဆီသို့ ထွက်ခွာခြင်း မပြုမီ မုန်တိုင်းအဆင့်-၃ဖြင့် မွှေနှောက်မည်ဟု မျှော်လင့်ထားကြောင်း စင်ထရယ် သတင်းဌာနက ပြောကြားသည်။

ဆင်ဟွာမှလာသော သတင်းတစ်ရပ်တွင် စင်လာကူမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်းကို တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ဝင်ရောက်၍ ပင်လယ်ကမ်းခြေ ပြည်နယ်များ ဖြစ်သော ဖူကျန်နှင့် ဇီကျန်တို့ကို တိုက်ခတ်မည်ဟု ဖော်ပြထားသည်။

အင်တာနက်။

အိန္ဒိယရေဘေးကယ်ဆယ်ရေးစခန်းများတွင် ဝမ်းရောဂါ ကူးစက်မှုဖြစ်ပွား

ပတ်နာ(အိန္ဒိယ)စက်တင်ဘာ ၁၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ရေလွှမ်းမိုးဒဏ်ခံရသောဒေသမှ ကယ်ဆယ်ရေးစခန်းများတွင် စိုးရိမ်ဖွယ်ရာ အဆင့်သို့ ရောက်ရှိနေသော ဝမ်းရောဂါဖြစ်နေသူပေါင်း ၁၀၀၀ ကျော်ကို ဆရာဝန်များက တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူ ခြောက်ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိ တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဘီဟာပြည်နယ်တွင် ရေလွှမ်းသောဒဏ်ခံရသည့်အတွက် လူပေါင်း ၁ ဒသမ ၂ သန်းကျော်သည် မိမိတို့၏ အိမ်ရာများကိုပစ်၍ ထွက်ပြေးကြရသည်။ နိုင်ငံတော်က ထောက်ပံ့ထားသော ကယ်ဆယ်ရေးစခန်း ၃၂၆ ခုတွင် လူဦးရေ ၃၀၀၀၀၀ ခန့် နေထိုင်လျက်ရှိပြီး ယင်းစခန်းများတွင် ကူးစက်ရောဂါများ မပြန့်ပွားစေရန် ဆရာဝန်များက ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ် ကျန်းမာရေးဝန်ကြီးက ကယ်ဆယ်ရေးစခန်းများတွင်သေဆုံးခြင်းနှင့် ဝမ်းရောဂါ ဖြစ်ပွားခြင်းကို အတည်ပြုပြောကြားပြီး ရေဘေးဒုက္ခသည်များကို ကုသပေးရန် ဆေးဝါးအလုံအလောက်ရှိသည်ဟု ပြောကြားသည်။

ကျေးရွာပေါင်း ၂၅ရွာတွင် ရေများ တဖြည်းဖြည်း ကျဆင်းလာသော်လည်း ဘီဟာပြည်နယ်၏ ရေဘေးဒဏ် အဆိုးရွားဆုံးခံရသော ခရိုင်ငါးခုတွင် ကျေးရွာပေါင်း ၇၅၀ သည် ရေလေးပေခန့်အောက်တွင် ရှိနေသေးသည်။ ဘီဟာပြည်နယ်တွင် ကျေးရွာပေါင်း ၁၀၀၀ကျော်နှင့် စိုက်ပျိုးမြေဧကပေါင်း ၃၇၀၆၅၀ ရေနစ်မြုပ်ခဲ့သည်။

ထိုဒေသတွင် ပျက်စီးသော ရေတာတမံများ၊ အိုးအိမ်များ၊ အဝေးပြေးလမ်းမများနှင့် ရွာလမ်းများကို ပြင်ဆင်ရန် အချိန်ကြာမြင့်မည်ဖြစ်၍ ကယ်ဆယ်ရေးစခန်းများ နောက်ထပ်ခြောက်လ ဆက်လက်ဖွင့်ထားမည်ဟု ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

❀ သဘာဝဘေးမှ

ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအလိုက် တာဝန်ရှိသူများကလည်း သဘာဝဘေးကာကွယ်ရေး အစီအမံများကို စဉ်ဆက်မပြတ်ကွင်းဆင်းတိုင်းတာကာကွယ်မှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ကုလားတန်မြစ် စသည့် မြစ်ကြောင်းများ၊ ရေလမ်းကြောင်းများ ကောင်းမွန်စေရန် အစီအမံများထားရှိဆောင်ရွက်လျက်ရှိသကဲ့သို့ မြစ်ရေတိုက်စားခြင်း၊ ရေကြောင်းဆိုင်ရာ အကြောင်းကြောင်းကြောင့် ကမ်းပြိုခြင်း၊ ရေတိုက်စားခြင်းတို့ကို ကာကွယ်နိုင်ရန် အမြဲမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သဘာဝဘေး အန္တရာယ်များ၊ မိုးရွာသွန်းမှု အခြေအနေများ၊ မြစ်ရေကြီးမှု အခြေအနေများကို စောင့်ကြည့်လေ့လာကာ နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသကဲ့သို့ ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်း ကိရိယာများကို စစ်တွေနှင့် မော်လမြိုင်မြို့တို့၌ တပ်ဆင်ပေးခဲ့သည်။

ထို့အပြင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာများနှင့် အတူ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဌာနဆိုင်ရာများ အနေဖြင့် ဧရာဝတီမြစ်ကြောင်း ကောင်းမွန်လာစေရန်အတွက် ရေလမ်းပိုင်းခြောက်ခု ပိုင်းခြား ဆောင်ရွက်လျက်ရှိသည်။

မြစ်ရေတိုက်စားမှုနှင့် အခြားရေဘက်ဆိုင်ရာ အကြောင်းကြောင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကမ်းပြိုမှု အန္တရာယ်မှ ကာကွယ်နိုင်ရန် ငန်းဇွန်မြို့နယ်၌ ကမ်းထိန်းတမံ၊ ဒုဋ္ဌဝတီမြစ်ရေတိုက်စားမှု ကာကွယ်ရေး ကျောက်ခြင်းရေကာ၊ ညောင်တုန်းမြို့ ရေစားကမ်းပြိုမှု ကာကွယ်ရေး ကျောက်စီတမံ၊ ပန်းလှိုင်မြစ်ရေတိုက်စားမှု ကာကွယ်ရေးကျောက်စီတမံ၊ တာပိန်မြစ်ရေတိုက်စားမှု ကာကွယ်ရေးကျောက်စီတမံနှင့် ကျောင်းတော်ရာ အနီး ရေစားကမ်းပြိုမှုကာကွယ်ရေး ကျောက်စီတမံ တို့ကို ဆောင်ရွက်ပေးခဲ့သည်။

တစ်ဆက်တည်းတွင် နယ်စပ်မြစ်များ၏ ရေတိုက်စားမှုမှ ကာကွယ်ရေးနှင့် စီမံကိန်းဝင် တံတားကြီး ၁၉ စင်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ တံတားကြီးများ အနီးဝန်းကျင်တွင် ကမ်းပါး ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်ရန်အတွက် ကျောက်စီနံရံ၊ ကျောက်စီတမံနှင့် မြေထိန်းနံရံတို့ကို ဆောင်ရွက်ပေးခဲ့သည့်နည်းတူ ထပ်မံ၍လည်း လိုအပ်သည့် အပိုင်းများ၌လည်း ဖြည့်စွက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ သဘာဝရေဘေးကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတော်အပိုင်း၊ ဒေသခံအာဏာပိုင်များအပိုင်းနှင့် အဖွဲ့အစည်းများနှင့် ပြည်သူများအပိုင်းတို့က တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့နေရသောရေဘေးဒုက္ခများမှ မြန်မာနိုင်ငံအနေဖြင့်ကင်းဝေးကာ အေးချမ်းသာယာနေသော နိုင်ငံ တစ်နိုင်ငံဖြစ်နေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ငဝန်မြစ်ကူးတံတား (ပုသိမ်) ကမ်းထိန်းကျောက်စီနံရံ တည်ဆောက်ထားစဉ်။

◯ မိုးစပါးမှ

လေဘေးသင့်မြို့နယ်များမှ လျာထားဧကများ စိုက်ပျိုးနိုင်ရန်အတွက် စေတနာရှင်များက ဆောင်ရွက်ခဲ့မှုကို မှတ်တမ်းတင်ပါကြောင်း၊တိုင်းအတွင်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခဲ့ပြီး အထွက်နှုန်းတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံပြည်သူများ လူနေမှုဘဝမြင့်မားလာအောင် ရည်မှန်း ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ကူညီဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက မြောင်းမြ၊ ဝါးခယ်မနှင့် အိမ်မဲမြို့နယ် ဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ စေတနာရှင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြောင်းမြခရိုင်မှ လေဘေးသင့် လပွတ္တာမြို့နယ် မိုးစပါးလျာထားချက် ပြည့်မီရေးအတွက် မြောင်းမြမြို့နယ်မှ လယ်ယာထွန်စက် ၁၀၅ စီးဖြင့် လပွတ္တာမြို့နယ် လေးဝှကြီးကျေးရွာအုပ်စုမှ ကျေးရွာ ၁၁ ရွာ၌ ၄၀၈၂ ဧကကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ်မှ လယ်ယာထွန်စက်အစီး ၁၂၀ဖြင့်လပွတ္တာမြို့နယ်ဘုန်းကြီးကုန်းကျေးရွာအုပ်စု ကျေးရွာ ကိုးရွာ၌ ဧက၃၁၈၀ကိုလည်းကောင်း၊ အိမ်မဲမြို့နယ်မှ လယ်ယာထွန်စက်အစီး ၁၀၀ ဖြင့် လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ အုပ်စုမှ ကျေးရွာ ရှစ်ရွာ၌ ဧက ၂၆၄၂ဒသမ၅၀ကိုလည်းကောင်း၊ လယ်ယာထွန်စက်၊ ကျွဲ၊ နွားများဖြင့် ကူညီထွန်ယက်စိုက်ပျိုးပေးနိုင်ခဲ့သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် မြောင်းမြခရိုင်၏ ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးစီမံကိန်း ဧကပြည့်မီရေး၊ မြောင်းမြစက်မှုဇုန်မှ ထုတ်လုပ်သော စက်ကိရိယာများပြသ ရှင်းလင်းခြင်းအဖြစ် ခန်းမအတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော ဒေသထွက်သဘာဝ မြေသြဇာများ၊ ခရိုင်အတွင်း စိုက်ပျိုးထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးဝါးများ၊ စပါးပင်တွင် ကျရောက်သော ရောဂါများအား ကြည့်ရှုစစ်ဆေးပြီးတောင်သူများအား ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် မြောင်းမြမြို့ ပြည့်စုံစက်မှုလက်မှုမှ ထုတ်လုပ်သော စပါးခြွေလှေ့စက်၊ တမန်းမွှေစက်၊ စက်သုံးဆီချွေတာရေး စွမ်းအင်ထုတ်ကိရိယာကို လည်းကောင်း၊ ကျော်သစ္စာစက်မှုလက်မှုမှ ထုတ်လုပ်သော စပါးခွဲလောင်စာသုံး ဓာတ်ငွေ့စက်ကိုလည်းကောင်း၊ ရတနာစက်မှုလက်မှုမှ ထုတ်လုပ်သော အနိမ့်တင်ရေတင်ပိုက်၊ ရိုးပြတ်နင်းဘီး၊ တမန်းကျနင်းဘီး၊ စပါးခြွေလှေ့စက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ရုရှားတွင် ခရီးသည်တင်လေယာဉ် ပျက်ကျ၊ ၈၈ ဦးသေဆုံး

မော်စကို စက်တင်ဘာ ၁၄

အဲရိုးဖလုတ်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇-၅၀၀ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည် ၈၈ ဦးကိုတင်ဆောင်ကာ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၅ မိနစ်တွင် မော်စကိုမြို့မှ စတင်ပျံသန်းလာရာ ရုရှားနိုင်ငံ ပရာမြို့ရှိ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုအနီး၌ စက်တင်ဘာ ၁၄ ရက် နံနက်စောစောပိုင်းက ပျက်ကျခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် ပျံသန်းနေစဉ် မီးလောင်မှုဖြစ်ပွားကာ မြေပြင်သို့ ဆင်းသက်ချိန်မှာပင် ပေါက်ကွဲကြောင်းနှင့် ယင်းဖြစ်စဉ်ကြောင့် ထရန်စ်-ဆိုက်ဘေးရီးယား လေကြောင်းလိုင်းမှ ခရီးစဉ်များကို ရပ်ဆိုင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပရာမြို့ လူနေရပ်ကွက် အစွန်အဖျား မီးရထားလမ်းနှင့် အဝေးပြေးလမ်းမပေါ်သို့ လေယာဉ်အပျက်အစီးများ ကျရောက်ရာ ရထားနှင့်အဝေးပြေးကားများသွားလာမှုကို အနှောင့်အယှက်ဖြစ်ခဲ့သည်။ ရုရှားရုပ်မြင်သံကြားဌာနက အပျက်အစီးများကို ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည်။

တနင်္ဂနွေနေ့ နံနက် အစောပိုင်းအထိ ပျက်ကျရခြင်း၏ အကြောင်းရင်းကို မသိရသေးသော်လည်း တာဝန်ရှိသူများက လေယာဉ် မြေပြင်မှ အမြင့်ပေ ၃၆၀၀ခန့်ကတည်းက လေကြောင်းလိုင်းထိန်းချုပ်ရေးမျှော်စင်နှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်ဟု ဆိုသည်။

အင်ဂျင်မီးစွဲ

သတင်းများအရ ပျက်မကျမီအချိန်တွင် လေယာဉ်အင်ဂျင်မီးစွဲနေသည်ဟု သိရသည်။ အကြမ်းဖက်သမားများ သို့မဟုတ် ဖောက်ခွဲရေးသမားများ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း အထောက်အထားမတွေ့ဟုလည်း သိရသည်။

တာဝန်ရှိသူများက အဆိုပါလေယာဉ်သည် ၁၉၉၂ခုနှစ်က တည်ဆောက်ထားသော်လည်း ကြံ့ခိုင်ရေးစစ်ဆေးရာတွင် အောင်မြင်ခဲ့သည်ဟု ပြောကြားသည်။

၎င်း၏ခရီးစဉ်သည် မော်စကိုမှ မိုင်၈၀၀ဝေးသော ယူရေးတောင်တန်းများ ဒေသ ပရာမြို့သို့ ပျံသန်းခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် နိုင်ငံခြားသား ၂၁၊ ကလေး ခုနစ်ဦး အပါအဝင် ခရီးသည် ၈၈ဦးတို့ လိုက်ပါလာကြသည်။

လေယာဉ်ပျက်ကျမှု အရှိန်ပြင်းထန်သဖြင့် ရထားလမ်းများ မီတာ၅၀ခန့် ဘေးရွေ့သွားပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပျက်စီးသွားသည်ဟု တာဝန်ရှိသူများက ပြောသည်။

၎င်းလေယာဉ်ပျံမောင်းသော ပိုင်းလော့မှာ မကြာမီက ဖမ်းဆီးခြင်းခံခဲ့ရပြီး အန္တရာယ်ကင်းစင်ရေး စည်းမျဉ်းများကို မလိုက်နာမှုဖြင့် စွဲဆိုခြင်းခံရမည့်သူဖြစ်သည်ဟု ရုရှားသတင်းဌာနများက ဖော်ပြသည်။

ဒုတိယမြောက်

အထက်ပါဖြစ်စဉ်သည် ဒုတိယမြောက် လေယာဉ်ပျက်ကျမှုဖြစ်ပြီး သြဂုတ်လ ၂၄ ရက်ကလည်း ဘိုးရင်းလေယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားခဲ့ရာတွင် ခရီးသည် ၅၆ ဦး သေဆုံးခဲ့သည်။

အင်တာနက်။

ရုရှားနိုင်ငံအလယ်ပိုင်း ပရာမြို့ ဆင်ခြေဖုံးဒေသတွင် ပျံသန်းပြီး နာရီပိုင်းအကြာ၌ ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ် ဘိုးရင်း ၇၃၇- ၅၀၀ အပျက်အစီးကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ တေးဂီတအစီအစဉ်
- ၇း၅၀ ၄။ အတီးပြိုင်ပွဲ
- ၈း၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၀ ၆။ တေးဂီတအစီအစဉ်
- ၈း၂၀ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ၁၅-၂၀ နှစ်အတွင်း) (အမျိုးသမီး)
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄း၃၀ ၄။ နမ္မတီး တံတား (ကံလှ)
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အတီးပြိုင်ပွဲ
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၂၅ ၉။ **"ဇင်ဇင်နှင့်ခြင်ကျား" (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၅း၃၅ ၁၀။ မုန်တိုင်းလွန်ကာလ မြင်ကွင်းသစ်များ
- ၅း၄၅ ၁၁။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ အလှူရှာမယ်၊ လှူကမ္ဘာဝယ်
- ၇း၀၀ ၁၅။ **"အဆုံးအဖြတ်" (ခန့်စည်သူ၊ ဌက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၇း၁၀ ၁၆။ တေးဂီတအစီအစဉ်
- ၇း၂၀ ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်"(အပိုင်း-၉)**
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ' 'မျက်ဝန်းရိပ်" (အပိုင်း-၉)**
- ၂၂။ အစီအစဉ်ပြီး၏။

B.E နှင့် ဗိသုကာဘွဲ့ရကျောင်းသားဟောင်းများ၏ ပညာထူးချွန်သားသမီးများအား ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန် စက်မှုတက္ကသိုလ်မှ ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း B.E နှင့် ဗိသုကာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် သားသမီးများအား ပညာရည်ထူးချွန်ဆုပေးပွဲနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားဟောင်းဦးကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့် ရိုးရိုးအောင် ၁၁ဦး စုစုပေါင်း ထူးချွန်သားသမီး ၅၇ ဦးတို့အား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဆုရမောင်ထက်ကိုကလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စား ဒေါ်လှလှသွယ်နှင့် ဒေါ်မြမြဝင်းတို့က လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။ (ကြေးမုံ)

ဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း၂၀၀၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင်ရာသက်ပန်အသင်းဝင်အင်အားအကောင်းဆုံး စည်းရုံးနိုင်သော ပထမဆုရ ရန်ကင်းမြို့နယ်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ၂၀၀၈ခုနှစ်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First AID day) **အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းကရန်ကုန်မြို့လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်က ရာသက်ပန် အသင်းဝင် အင်အားအကောင်းဆုံးစည်းရုံးနိုင်သော မြို့နယ် ပထမဆုရ ရန်ကင်းမြို့နယ်၊ ဒုတိယဆုရ တွံတေးမြို့နယ်၊ တတိယဆုရ လှိုင်မြို့နယ်နှင့် တစ်ကျောင်းလုံးကြက်ခြေနီအင်အားစည်းရုံးစွမ်းဆောင်နိုင်သောကျောင်းဆုရရန်ကင်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး၏ ဇနီး ဒေါ်ကြင်မြိုင်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်စွမ်းရည်ပြိုင်ပွဲတွင်ဆုရရှိသော အမျိုးသမီး တပ်ဖွဲ့ဝင်များအား လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေနှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်တို့က ရန်ကုန်တိုင်း၂၀၀၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော အမျိုးသားတပ်ဖွဲ့ဝင်များအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က လူမှုထူးချွန်ဆုရရှိကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း(၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြကြောင်းသိရှိရသည်။(သတင်းစဉ်)

(၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်

နေပြည်တော်တပ်ကုန်း စက်တင်ဘာ ၁၄

နေပြည်တော် ပျဉ်းမနားခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က နေပြည်တော်တပ်ကုန်း အောင်ဆန်းအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဇနီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ်မှူး ဗိုလ်မှူးကြီး စိုးထက်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး တင်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး စိုင်းဝင်းဟန်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်ဥက္ကဋ္ဌနှင့် တပ်နယ်မှူးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပခဲ့ရာ အခြေခံပညာအဆင့် ငါးနှစ်မှ ၁၀ နှစ်၊ ၁၀နှစ်မှ ၁၅နှစ်၊ ၁၅နှစ်မှ ၂၀နှစ်၊ ဝါသနာရှင် ပထမတန်း၊ ဝါသနာရှင် ဒုတိယတန်းဆု ရရှိသူများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးကြပြီး ဆုရရှိသူများက ဂုဏ်ပြုပြန်လည်ဖျော်ဖြေခြင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ကိုယ်စား) ခရိုင်အတွင်းရေးမှူးက ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုပစ္စည်းများပေးအပ်ကြောင်းသိရသည်။ (ကြေးမုံ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး၏ ဇနီး ဒေါ်ချယ်ရီ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲကြီးကြပ်ရေးနှင့် ဒိုင်အဖွဲ့ဝင်များ၊ လားရှိုး၊ ကျောက်မဲ၊ မူဆယ်နှင့် ကွမ်းလုံခရိုင်တို့မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောက်မဲခရိုင်နှင့် လားရှိုးခရိုင်တို့မှ ပြိုင်ပွဲဝင်မျိုးဆက်သစ်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် စက်တင်ဘာ၁၂ရက် နံနက်ပိုင်းတွင်ပဲခူးတိုင်း ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံမြေနေရာ မြေကြီး ကျောက်သား တူးဖော်ပြီးစီးမှု၊ ရေလျှံထိန်းဆည် EL-147 m ထိ ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ ပင်မတမံ EL-151.5 m အထိ တမံဖို့နေမှုရေပိုလွှဲSpillway တည်ဆောက်ပြီးစီးမှုရေထိန်းမျှော်စင်တည်ဆောက်ပြီးစီးမှုနှင့် ရေယူအဆောက်အအုံ Power Intake ရှိ သံထည်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယခုအခါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၆၉ဒသမ ၁၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၆၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၈ကို စက်တင်ဘာ၇ရက် နံနက်ပိုင်းက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်က ဆောင်ရွက်ပြီး အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို အသင်းအတွင်းရေးမှူး ဦးသန်းဝင်းက လက်ခံပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများချီးမြှင့်သည်။

(အပေါ်ပုံ) (မြို့နယ်ပြည်ခိုင်ဖြိုး)

စက်တင်ဘာ ၁၁ရက်က MBA Program Scholarship အစီအစဉ်အရ ဂျပန်နိုင်ငံ၌ မဟာဘွဲ့သင်တန်း တက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်အား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့်(၃)

ကျော်ရဲမင်း

ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေရဲ့ ဒေသတွေမှာ လေဘေးကယ်ဆယ်စောင့်ရှောက်ရေးနဲ့ ပြန်လည်ထူထောင် တည်ဆောက်ရေး ဆောင်ရွက်မှုသတင်းတွေကို နေ့စဉ် တွေ့မြင်ကြားသိနေရတော့ ကျွန်တော် အသိတစ်ခု တိုးလာခဲ့ပါတယ်။ အဲဒါကတော့ နာဂစ်ကျရောက်ပြီးနောက်ပိုင်း ကျွန်တော်တို့နိုင်ငံရဲ့ မြင်ကွင်းတွေဟာ အရင်ကထက်ပိုပြီး သက်ဝင်လှုပ်ရှားလာသလို ပြည်သူအားလုံးရဲ့ မေတ္တာ၊ စေတနာ၊ စည်းလုံးညီညွတ် ရိုင်းပင်းမှု အရင်းခံစိတ်ဓာတ်များဟာလည်း ပိုပြီးပီပြင်ထင်ရှား လာခဲ့တယ်ဆိုတာပါပဲ။ အရေးဆိုရင် သွေးက စကားပြောတယ်ဆိုတာ တကယ်မှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအားလုံးအနေနဲ့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ကို ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း ထမ်းဆောင်ခဲ့ကြတဲ့ မှတ်တမ်းတွေက နာဂစ်မုန်တိုင်းရဲ့ ကြမ်းတမ်းရက်စက် ထိုးနှက်ချက်တွေကို ပြန်ပြီးချေဖျက် ဆေးကြောသန့်စင်ပေးနိုင်ခဲ့ပြီလို့ ဆိုချင်ပါတယ်။

ဒါကိုပဲ အဆိုးထဲကအကောင်းလို့ မြင်မိပါတယ်။ မုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့တာလည်း အမှန်ပါပဲ။ ဒါက အရှုံး၊ တစ်နည်းအားဖြင့် အဆိုးပဲဆိုပါတော့။ ဒါပေမယ့် အရှုံးထဲက အမြတ်၊ အဆိုးထဲက အကောင်းတွေလည်း ကျွန်တော်တို့ရလိုက်တယ် မဟုတ်လား။ ဒါကတော့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စည်းလုံးညီညွတ်မှုပိုင်းဆိုင်ရာ၊ စွမ်းဆောင်မှုပိုင်းဆိုင်ရာမှာ ကောင်းကောင်းကြီး အစမ်းသပ်ခံနိုင်ခဲ့ပြီး အောင်မြင်မှုမှတ်ကျောက် တင်နိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။

စိတ်ဓာတ်ပိုင်းဆိုင်ရာအရကြည့်ရင်ဒေသကြီးတစ်ခုလုံးဒီလောက်အထိ ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့တာ၊ ဒီလောက်အထိ အိုးအိမ်စည်းစိမ်ပိုင်ဆိုင်မှုတွေ တစ်မုဟုတ်ချင်း တစ်စမကျန် ပျောက်ပျက်ဆုံးရှုံးသွားတာ၊ ဘယ်လိုမှ မျှော်လင့်မထားဘဲ မိဘ၊ လင်သား၊ ဇနီး၊ သား၊ သမီး၊ ဆွေမျိုးသင်္ဂဟတွေ ရုတ်တရက် ဆုံးရှုံး လက်လွှတ်လိုက်ရတာမျိုးတွေ လက်တွေ့ကြုံရပြီဆိုရင် ကာယကံရှင်တွေအနေနဲ့ စိတ်ဓာတ်ရေးရာအရ ပြန်လည်ထူမတ်လာနိုင်ဖို့ တော်တော်လေး ခဲယဉ်းမှာပါပဲ။ ပင်လယ်ပိုင်းက ဆွေမျိုးတွေအတွက် ကျွန်တော်တို့လည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ ကိုယ်ချင်းစာ နားလည်ခံစားခဲ့ရပါတယ်။ သာမန်အားဖြင့် ဒီလိုအခြေအနေမျိုးကနေ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြန်ပြီးထူမတ်လာနိုင်ဖို့ မလွယ်လှပေမယ့် အခုအချိန်မှာတော့ ကျွန်တော့်ဆွေမျိုးတွေအနေနဲ့ ဒီအတားအဆီးတွေကို အချိန်တိုအတွင်း အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီလို့ ယုံကြည်မိပါတယ်။

ဒါကလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော် သုံးဦးသုံးဖလှယ်သော အင်အားစုများရဲ့ အားတက်သရော ဝိုင်းဝန်းကူညီဖေးမမှုတွေကြောင့်လို့ ဆိုရမှာပါပဲ။ နိုင်ငံတော်ပိုင်းက အပြည့်အဝတာဝန်ယူခဲ့တာ အားလုံးအသိပါ။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ ဝန်ကြီးများကိုယ်တိုင် လေဘေးဒဏ်ပြင်းထန်စွာခံစားရတဲ့ မြို့နယ်တွေကို ချက်ချင်းဝင်ရောက်ပြီး အစစ ထောင့်စေ့အောင် စီမံခန့်ခွဲဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူး၊ အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေအတွက် ငွေအား၊ ပစ္စည်းအား၊ လူအား လိုလေသေးမရှိ စိုက်ထုတ်ကျခံထောက်ပံ့ပေးခဲ့တဲ့ ကျေးဇူးတွေကြောင့်လည်း အများကြီးပါမှာပါ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲနဲ့ ဒုတိယအကြီးအကဲတို့ကိုယ်တိုင် လေဘေးသင့် ဒေသတွေအရောက်သွားပြီး လေဘေးသင့်ပြည်သူတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးရင်း အတွေ့အကြုံရင့်ကျက်ပြည့်ဝသူများပီပီ လိုအပ်ချက်ဟူသမျှ မြူမျှမကျန်ရလေအောင် အကွက်စေ့စေ့ စနစ်တကျ လမ်းညွှန်သုံးသပ် ကြပ်မတ်ပေးခဲ့တာတွေကြောင့် လုပ်ငန်းများ ထိရောက်အောင်မြင်မှုရသလို ပြည်သူတွေမှာလည်း စိတ်ဓာတ်ရေးရာအရ အားကိုးအားထားတစ်ခုကို မိမိရရ မှီတွယ်ဆုပ်ကိုင် အားပြုနိုင်ခဲ့တာ အမှန်ပါပဲ။

ရပ်ရှင်လူ ပြည်သူအားလုံး၊ လုပ်ငန်းကုမ္ပဏီကြီးများအားလုံး၊ လူမှုရေးအသင်းအဖွဲ့အားလုံးနဲ့ ဌာနဆိုင်ရာအားလုံးကလည်း လေဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့ကူညီလှူဒါန်းပံ့ပိုးမှု အပိုင်းမှာ မျှော်မှန်းထားတာထက် အများကြီးပိုပြီး တာဝန်ကျေခဲ့ကြပါတယ်။ တပ်မတော်အပိုင်းက ကြည့်ရင်လည်း တပ်မတော်(ကြည်း) (ရေ) (လေ)အားလုံးအနေနဲ့ ရှင်းလင်းရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး စသဖြင့် လုပ်ငန်းစဉ်အားလုံးမှာ လူ၊ ပစ္စည်း၊ မော်တော်ယာဉ်၊ စစ်သင်္ဘော၊ လေယာဉ်၊ ရဟတ်ယာဉ်ပေါင်းများစွာသုံးပြီး အပြည့်အဝကို ပံ့ပိုးထောက်ကူမှုပေးနိုင်ခဲ့ပါတယ်။ ဒီလို နိုင်ငံတော်အကြီးအကဲကစပြီး တာဝန်ရှိသူအဆင့်ဆင့် အပါအဝင် တစ်နိုင်ငံလုံးရဲ့ အဘက်ဘက်က ထိတွေ့အားပေး ကူညီပံ့ပိုးဆောင်ရွက်ပေးမှုတွေကြောင့် စေတနာ မေတ္တာရောင်ပြန်ဟပ်ပြီး လေဘေးသင့်ပြည်သူများရဲ့ စိတ်ဓာတ်အင်အားကို အမြန်ဆုံးပြန်ပြီး ထူမတ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ထက်သန်ကြီးမားလှတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာဓာတ်တွေကို ခံယူပွားများပြီး လေဘေးသင့်ပြည်သူတွေရဲ့ ပြိုလဲနေတဲ့ စိတ်ဓာတ်တွေ ပြန်ပြီးမြင့်မားတက်ကြွ ရှင်သန်လာစေနိုင်ခဲ့တာဟာ သမိုင်းမှာ မော်ကွန်းတင်လောက်တဲ့ အောင်မြင်မှုမျိုးလို့ ဆိုနိုင်ပါတယ်။

စည်းလုံးညီညွတ်မှုပိုင်းဆိုင်ရာအမြင်နဲ့ ကြည့်မယ်ဆိုရင်လည်း ဒီလောက်ကြီးမားပြင်းထန်လှတဲ့ သဘာဝဘေးဆိုးကြီးကို အချိန်လေးလခန့်ကာလအတွင်း အခုလို ပြန်ပြီးတည်ငြိမ်အောင်၊ ပုံမှန်နီးပါး ဖြစ်အောင် ထိန်းနိုင်ခဲ့တာ၊ ဖြည့်ဆည်းပံ့ပိုးတည်ဆောက်ပေးနိုင်ခဲ့တာမျိုးဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ လက်တွဲပူးပေါင်း ကြိုးပမ်းမှုမပါဘဲ ဘယ်လိုမှအောင်မြင်လာနိုင်စရာ အကြောင်းမရှိဘူးဆိုတာ ထင်ရှားလှပါတယ်။ ကျွန်တော်တို့အားလုံးဟာ တကယ်အရေးကြီးတော့ တကယ်သွေးနီးခဲ့ကြသလိုတကယ်လည်း စည်းလုံးခဲ့ကြတာပါ။ အရေးအကြောင်းပေါ်လာပြီဆိုမှ ကျွန်တော်တို့အားလုံးရဲ့ အသွေးထဲ အသားထဲမှာ ကိန်းဝပ်နေတဲ့ မိသားစုစိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာမျိုးက နိုးကြားလာတတ်တဲ့ သဘောရှိပါတယ်။ အခုလည်း လေဘေးသင့်ပြည်သူတွေအတွက် ငွေအား၊ ပစ္စည်းအား လှူဒါန်းမှုတွေမှာ တစ်နိုင်ငံလုံးက တိုင်းရင်းသားညီနောင်အားလုံးရဲ့ စေတနာ၊ မေတ္တာတွေ ပေါင်းစည်းမိခဲ့ကြသလို လူအား၊ လုပ်အားလှူပြီး Volunteer အဖြစ် တစ်ယောက်တစ်လက် တစ်အားနဲ့ နိုင်ရာဝန်ကို ပျော်ပျော်ကြီး ထမ်းခဲ့ကြရာမှာလည်း တိုင်းရင်းသားလူမျိုးစုံပါဝင်ပြီး ကိုယ့်သွေးသားရင်း ညီနောင်ရင်းတွေရဲ့ ဒုက္ခကို မျှဝေထမ်းပိုး ကူမဖြေရှင်းပေးခဲ့ကြပါတယ်။ တကယ့်ကိုအားရစရာကြီးပါ။ ဒါကြောင့် အရှုံးကိုတွန်းလှန် ချေဖျက်သန့်စင်ရင်း ကျွန်တော်တို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန် ပေါင်းစည်းလာစေတဲ့ အမြတ်အစွန်းကို ရလိုက်တယ်လို့ ဆိုရမှာပါပဲ။ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ အကြီးမားဆုံးအမြတ်ပါ။

စွမ်းဆောင်မှုပိုင်းဆိုင်ရာအရ သုံးသပ်ရင်လည်း သန်းနဲ့ချီတဲ့ လေဘေးသင့်ပြည်သူတွေအတွက် စားရေး၊ ဝတ်ရေး၊ နေရေး၊ အသက်မွေးဝမ်းကျောင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေးစသဖြင့် အင်မတန်ကြီးမား ကျယ်ပြန့်လှတဲ့ လုပ်ငန်းပမာဏကြီးကို လေးလဆိုတဲ့ အချိန်တိုအတွင်း ဒီအခြေဒီအဆင့်ရောက်လာအောင် လုပ်ပေးနိုင်ခဲ့တယ်ဆိုတာ နည်းနည်းနောနော စွမ်းဆောင်အောင်မြင်မှုမျိုးမဟုတ်ပါဘူး။အခုလို ကြီးမားပြင်းထန်တဲ့ သဘာဝဘေးမျိုး ကြုံရပြီဆိုရင် ကပ်ရောဂါအသွင်ဆောင်တဲ့ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာမျိုးတွေ၊ သောက်ရေနဲ့ စားနပ်ရိက္ခာပြတ်လပ်ပြီး အမြောက်အမြား သေဆုံးရတဲ့ အခြေအနေမျိုးတွေ၊ နေစရာ အမိုး၊ အကာ မလုံလောက်လို့ ဒုက္ခရောက်နေကြရတဲ့ ဖြစ်စဉ်မျိုးတွေ စတဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေ ကပ်ပြီးပါလာလေ့ရှိတတ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီလို နောက်ဆက်တွဲ ပြဿနာမျိုးတွေ လုံးဝကိုမရှိခဲ့ပါဘူး။ ဒီတစ်ချက်နဲ့တင် ကျွန်တော်တို့အားလုံးရဲ့ စွမ်းဆောင် အောင်မြင်မှုကို အသိအမှတ်ပြုထိုက်နေပါပြီ။ ဒါကြောင့်လည်း WHO နဲ့ နိုင်ငံတကာက ကျွန်တော်တို့ရဲ့ သဘာဝဘေးအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးအပါအဝင် ကျန်းမာရေးကဏ္ဍ ပံ့ပိုးကူညီ စွမ်းဆောင်မှုတွေကို တလေးတစားအသိအမှတ်ပြုခဲ့ကြတာပဲ ဖြစ်ပါတယ်။ အရှုံးထဲကရခဲ့တဲ့ အမြတ်တွေက တန်ဖိုးကြီးမားလှပါတယ်။

အခုအချိန်မှာတော့ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အဲဒီအပိုင်းနဲ့ ရေရှည်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆောင်ရွက်မှုအပိုင်းတွေကို ရေးချင်ပါတယ်။ ပြီးခဲ့တဲ့ ဆောင်းပါးအပိုင်း(၂)မှာ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်မှု အခြေအနေတွေကို ရေးခဲ့ပြီးဖြစ်တဲ့အတွက် ကျန်တည်ဆောက်ရေးအပိုင်းတွေကို အခုဆက်ပြီးရေးပါမယ်။ **"မူလနေထိုင် လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်တိုးတက်ကောင်းမွန်စေရမည်"**ဆိုတဲ့ ရည်မှန်းချက်အပေါ် ဘယ်လောက်အကောင်အထည်ဖော် အောင်မြင်နေပြီလဲဆိုတာကို ဖောက်သည်ချချင်ပါသေးတယ်။

ပင်လယ်ပိုင်းဒေသဟာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် အလွန်လွယ်ကူတဲ့ သဘာဝပေးဆုလာဘ်ကြီးကို ရရှိထားပါတယ်။ လယ်စိုက်မလား၊ ငါးဖမ်းမလား၊ ဆားကွင်းလုပ်မလား၊ ရေငန်ပုစွန်မွေးမလား၊ ဘာပဲလုပ်လုပ် လွယ်ကူအဆင်ပြေပြီး စီးပွားဖြစ်ထွန်းတဲ့ ဒေသမျိုးပါ။ ဒါကြောင့် အချို့မြို့ကြီးတွေ၊ ရွာကြီးတွေမှာ သူဌေးတွေ၊ လုပ်ငန်းရှင်တွေ၊ လယ်ပိုင်ရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေ စသဖြင့် ချမ်းသာသူတွေ အများကြီးပါ။ အတော်လေးကို စီးပွားရေး ကောင်းကြပါတယ်။ သို့သော် အခြေခံကောင်းပြီး လိမ္မာတဲ့သူများ စီးပွားဖြစ်တာမှန်သော်လည်း တစ်နေ့ရှာ တစ်နေ့သုံးပြီး ရရစားစားဘဝနဲ့ ကျင်လည်နေရတဲ့ ကျွန်တော့်ဆွေမျိုးတွေလည်း အချို့အဝက် ရှိနေပါသေးတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သလို ဖြစ်သလိုနေ ဖြစ်သလိုစားဘဝမျိုးနဲ့ လူမှုစီးပွား အဆင့်မြင့်တက်မလာနိုင်သေးဘဲ ဒုံရင်းဒုံရင်းဘဝမှာ ပျော်ပိုက်နေသူတွေလည်း ကျန်နေပါသေးတယ်။ သူတို့တွေရဲ့ လူမှုစီးပွားဘဝကို ဝိုင်းဝန်းမြှင့်တင်ပေးကြရဦးမယ်လို့ ကျွန်တော် အမြဲတွေးမိတတ်ပါတယ်။

ဒါကြောင့်လည်း ပင်လယ်ပိုင်းက ရွာငယ်လေးတွေ၊ တံငါတဲစုလေးတွေ၊ လယ်တဲစုလေးတွေက ဆွေမျိုးများကို ကျွန်တော် ရောက်လေတိုင်း စီးပွားရှာချင်အောင်၊ စုဆောင်းချင်အောင်၊ ကြီးပွားတိုးတက်ချင်အောင် အမျိုးမျိုးဆွဲဆောင်စည်းရုံး ပြောဆိုခဲ့ပါတယ်။ သို့သော်လည်း တစ်သက်လုံးက အရိုးစွဲလာတဲ့ ဓလေ့စရိုက်ဆိုတော့ ပြင်ဖို့အခက်သားလား။ အခုတော့ ကျွန်တော့်ဆွေမျိုးတွေကို နိုင်ငံတော်နဲ့ စေတနာရှင်ပြည်သူအားလုံးက လူမှုစီးပွားဘဝ မြင့်မားအောင် ဝိုင်းဝန်းဖေးမ ပြုပြင်ပေးနေကြပါပြီ။ အဲဒီအတွက်လည်း အထူးပဲ ဝမ်းသာအားရဖြစ်မိပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်က လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး ဆောင်ရွက်ပေးရာမှာ ပင်လယ်ကမ်းခြေနဲ့ ဆက်စပ်နေတဲ့အပိုင်း၊ အဲဒီအပိုင်းနဲ့ ဆက်စပ်နေတဲ့ ကုန်းတွင်းကျတဲ့အပိုင်း၊ အဲဒီနောက်ကမှ နောက်တန်းကျတဲ့ အပိုင်းဆိုပြီး အပိုင်းသုံးပိုင်းခွဲ ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ ပင်လယ်ကမ်းခြေနဲ့ ဆက်စပ်နေတဲ့အပိုင်းကတော့ အဓိကဦးစားပေးအပိုင်း ဖြစ်ပါလိမ့်မယ်။ မည်သို့ပင်ဖြစ်စေ ဒေသတစ်ခုချင်းရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ စားဝတ်နေရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ သာမန် အစားထိုး တည်ဆောက်မှုမျိုးမဟုတ်ဘဲ မူလအခြေအနေထက် သာလွန် တိုးတက်မြင့်မားအောင် တည်ဆောက်ရေးနဲ့ အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်ပေးနေတာမျိုးပါ။ တကယ်အားရစရာ ကောင်းပါတယ်။

မုန်တိုင်းပြီးခါစ ကယ်ဆယ်ရေးစခန်းအဆင့်တွေတုန်းက မိုးကာတဲလေးတွေ၊ Shelter Box လေးတွေ အစီအရီနဲ့ မြင်တွေ့နေရတော့ သူတို့တွေ ပုံမှန်အဆင့် ပြန်ရောက်ဖို့ အတော်ရှုန်းကန်ရဦးမှာပါလားလို့ တွေးမိပါသေးတယ်။ သူတို့တွေအတွက် နိုင်ငံတော်က မိုးကာတဲ ၈၃၄၁ တဲ၊ Shelter Box ၁၆၈၉၊ မိုးကာစ ၇၀၈၂၊ ပလတ်စတစ်လိပ် ၃၉၅၉နဲ့ သွပ်ချပ်ရေ ၁ ဒသမ ၃၂ သိန်း ဖြန့်ဝေပေးနိုင်ခဲ့တာကြောင့် မုန်တိုင်းပြီးလို့ မကြာမီမှာပဲ ယာယီအမိုးအကာအောက်မှာဖြစ်ဖြစ်၊ ကယ်တင်ပစ္စည်းနဲ့ ဒေသထွက်ပစ္စည်းတွေ ပေါင်းစပ်ပြီး ဆောက်ထားတဲ့ နေအိမ်တွေမှာဖြစ်ဖြစ် ပြန်လည်နေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလုပ်နိုင်လာကြတာ တွေ့ရတော့ ဝမ်းသာမိပြန်ပါတယ်။ အခုတော့ နိုင်ငံတော်က အခိုင်အမာနေအိမ်တွေပါ ဆောက်လုပ်ပေးနေပါပြီ။

မြို့နဲ့ကျေးရွာများ ပြန်လည်တည်[...]
ခိုင်ခံ့အောင် ဆောင်ရွက်ပေးနေပါတ[...]
အခြားအစိုးရအဆောက်အအုံတွေ တ[...]
လုပ်နေပါတယ်။ အိုးအိမ်မဲ့ မိသားစု[...]
ပျဉ်ကာ/ထရံကာ အခိုင်အမာလူနေ[...]
ပေးလျက်ရှိပါတယ်။ သွပ်မိုးဖွေးဖွေးနဲ့[...]
တွေ့မြင်လိုက်ရတော့ ကျွန်တော့်ဆွေ[...]

တစ်ချိန်တုန်းကတော့ ပင်လယ်ပို[...]
တစ်ဖက်ရပ် တံငါတဲလေးတွေက မျ[...]
ကျွန်တော့်ဆွေမျိုး ရေလုပ်သား မိသ[...]
သဘာဝအရ ပျော်ဖို့ကောင်းတာ မှန်[...]
နိုင်တော့ပါဘူး။ အဲဒီလို ခနော်နီခနေ[...]
သပ်သပ်ရပ်ရပ် စီစီရီရီ စနစ်တကျဖြစ်[...]
စီးပွားဘဝတိုးတက်ပြောင်းလဲဖို့ ပထ[...]

ပြင်စလူ၊ ကဒုံကနီ၊ ကြိမ်ချောင်းြ[...]
ခြေရာချင်းထပ်ခဲ့တဲ့နေရာတွေမှာ အိုး[...]
ကျွန်တော်ရောက်သွားရင် မှတ်မိပါဦးမ[...]
သင့်ဒေသတွေမှာ လူနေအိမ်အလုံးပေ[...]
၇၂၇၀ လုံးအတွက် အလှူရှင်ရရှိပြီးြ[...]
အလှူရှင်များလည်း ပေါ်လာကြဦးမှာ[...]
မိသားစုတွေ နေထိုင်နေကြပါပြီ။ သာမ[...]
ပေမယ့် တကယ့်လက်တွေ့မှာ အဲဒီထ[...]
မဟုတ်သလို သယ်ယူပို့ဆောင် စရိတ်[...]
အပိုင်းကရော၊ နိုင်ငံတော်အပိုင်းကပ[...]
အားထုတ်ရမှုအကြီးမားဆုံးဖြစ်တဲ့ နေ[...]
ပြည်သူများ၊ ဆောက်လုပ်ရေးကုမ္ပဏီ[...]

ကျန်းမာရေးအပိုင်းမှာလည်း ဖျာ[...]
ကျွန်း၊ လပွတ္တာဆေးရုံတွေကို ခုတင် ([...]
ခန်းတွေကိုလည်း ဒေသတစ်ခုနဲ့တစ်ခု[...]
တယ်။ ဖျာပုံခရိုင် ခုတင် (၂၀၀) ဆံ့[...]
မြှင့်ပြီး Operation Theatre အ[...]
ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ပည[...]
တွေကို လုပ်ငန်းကုမ္ပဏီကြီးတွေရဲ့ ပူး[...]
တည်ဆောက်ရုံသာမက ကျောင်းသုံး[...]
တွေ့ရှိရပါတယ်။ ဒါ့အပြင် ပျက်စီး[...]
အခြေအနေအရ မူလတန်းကနေ အ[...]
တိုးမြှင့်ပေးမှုတွေအပြင် ယခင်က ကိုယ်[...]
နိုင်ငံတော်က တာဝန်ယူတဲ့ အခြေခံပ[...]
တိုးမြှင့် သတ်မှတ်ဖွင့်လှစ်ပေးနိုင်ခဲ့လို့ [...]
လုံးဝမရှိတော့ပါဘူး။ ဒါဟာ သိသာ[...]

**တည်ဆောက်ရေးလုပ်ငန်းတွေမှ[...]
ခြောက်လပေးပြီး ပြည်ပမှ တင်သွင်း[...]
ရောင်းချပေးဖို့အထိ နိုင်ငံတော်က စီစဉ်[...]
သစ်အခြေခံပစ္စည်း ထုတ်လုပ်တဲ့ လုပ်[...]
သစ်မာ/အခြားသားသစ်လုံးတွေ တန်[...]
ပေးပို့နိုင်ခဲ့ပါတယ်။ ဒီလိုတည်ဆောက်[...]
သမျှဖြည့်ဆည်းပေးခဲ့တဲ့အတွက် တည်[...]
ပြီးမြောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။**

ဒါ့အပြင် ကျွန်တော်ကြားမိသလေ[...]
မှာဖြစ်ပါတယ်။ အလားတူ လပွတ္တာမြို[...]
ကို မြို့သစ်မှာ တည်ဆောက်ပေးသွား[...]
ကိုပါ အဲဒီမြို့သစ်ရဲ့ အထက်တန်းကျေ[...]
မှာပဲ နေလိုသူတွေအတွက် သူတို့ဆန္ဒ[...]
နေရာချတည်ဆောက်ပေးရမယ့်သူ[...]
လည်း နေရာများသီးခြားသတ်မှတ်ချ[...]
နေရာဟောင်းမှာပဲ မြို့သစ်တည်ရတဲ့[...]

> **ကျွန်တော်တို့ နိုင်ငံနဲ့ ပြည်သူအားလုံးအနေနဲ့ မျိုး[...] ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ အမျိုးသားရေး တ[...] လက်တွဲကြိုးပမ်း ထမ်းဆောင်ခဲ့ကြတဲ့ မှတ်တမ်းတွေက[...] ရက်စက် ထိုးနှက်ချက်တွေကို ပြန်ပြီး ချေဖျက်ဆေးကြေ[...] ပါတယ်။**

မြို့နဲ့ကျေးရွာများ ပြန်လည်တည်ဆောက်ပေးရာမှာ ပိုပြီးစနစ်ကျအောင်၊ ပိုပြီးခေတ်မီအောင်၊ ပိုပြီး ခိုင်ခံ့အောင် ဆောင်ရွက်ပေးနေပါတယ်။ စုပေါင်းရုံးတွေ၊ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေနဲ့ အခြားအစိုးရအဆောက်အအုံတွေ တည်ဆောက်ရာမှာ အောက်ခြေ မြင့်မြင့်မားမားနဲ့ ခိုင်ခိုင်ခံ့ခံ့ ဖြစ်အောင် လုပ်နေပါတယ်။ အိုးအိမ်မဲ့ မိသားစုတွေအတွက် ၁၆ ပေ x ပေ ၂၀ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ထရံကာ အခိုင်အမာလူနေအိမ်တွေကို စနစ်တကျ တည်ဆောက်ပြီး ပြန်လည်နေရာချထား ပေးလျက်ရှိပါတယ်။ သွပ်မိုးဖွေးဖွေးနဲ့ ပုံစံတူ သပ်သပ်ရပ်ရပ် ပျဉ်ထောင်အိမ်ကလေးတွေကို အစီအရီ တွေ့မြင်လိုက်ရတော့ ကျွန်တော့်ဆွေမျိုးတွေအတွက် အထူးပဲ ဝမ်းသာမိပါတယ်။

တစ်ချိန်တုန်းကတော့ ပင်လယ်ပိုင်း တံငါရွာကလေးတွေမှာ ဓနိမိုး၊ ထရံကာ၊ မြေစိုက်အိမ်ကလေးတွေ၊ တစ်ဖက်ရပ် တံငါတဲလေးတွေက များပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီတံငါတဲလေးတွေမှာ ကျွန်တော့်ဆွေမျိုး ရေလုပ်သား မိသားစုတွေနဲ့အတူနေ အတူစားရင်း ပျော်ခဲ့ဖူးတာပေါ့။ ပင်ကိုစရိုက် သဘာဝအရ ပျော်ဖို့ကောင်းတာ မှန်ပေမယ့် မိုးတွေလေတွေ ကြမ်းပြီလားဆိုရင် ဘယ်လိုမှ အိပ်မပျော် နိုင်တော့ပါဘူး။ အဲဒီလို ခနော်နီခနော်နဲ့ အလေ့ကျပုံစံ အမျိုးမျိုးတည်ရှိနေကြတဲ့ မြင်ကွင်းကို အခုလို သပ်သပ်ရပ်ရပ် စီစီရီရီ စနစ်တကျဖြစ်အောင် ပြောင်းလဲပစ်လိုက်နိုင်တာဟာ ဒေသကြီးတစ်ခုလုံးရဲ့ လူမှု စီးပွားဘဝတိုးတက်ပြောင်းလဲဖို့ ပထမဆုံးခြေလှမ်းကို စလိုက်နိုင်တာပဲ ဖြစ်ပါတယ်။

ပြင်စလူ၊ ကဒုံကနိ၊ ကြိမ်ချောင်းကြီး၊ သိပ္ပံကုန်းကြီး၊ စက်ဆန်း၊ ကျုံဒါး၊ ဇင်ရွဲ၊ တိုးရွာစသဖြင့် ကျွန်တော် ခြေရာချင်းထပ်ခဲ့တဲ့နေရာတွေမှာ အိုးသစ်အိမ်သစ်တွေ အစီအရီနဲ့ တကယ့်ကိုပြောင်းလဲခဲ့ပါပြီ။ အခုအချိန် ကျွန်တော်ရောက်သွားရင် မှတ်မိပါဦးမလားတောင် မပြောတတ်တော့ပါဘူး။ နိုင်ငံတော်အနေနဲ့ လေဘေး သင့်ဒေသတွေမှာ လူနေအိမ်အလုံးပေါင်း ၈၉၂၃ လုံး ဆောက်လုပ်ပေးလျက်ရှိရာမှာ ယခုအချိန်အထိ ၇၂၇၀ လုံးအတွက် အလှူရှင်ရရှိပြီးဖြစ်တယ်လို့ သိရပါတယ်။ ကျန်တဲ့လူနေအိမ် ၂၂၃၆ လုံးအတွက် အလှူရှင်များလည်း ပေါ်လာကြဦးမှာပါ။ လောလောဆယ် အိမ်ပေါင်း ၂၃၈၁ လုံး ဆောက်လုပ်ပြီးစီးလို့ မိသားစုတွေ နေထိုင်နေကြပါပြီ။ သာမန်အားဖြင့် နေအိမ်တစ်လုံးရဲ့တန်ဖိုးကို ခြောက်သိန်း သတ်မှတ်ထား ပေမယ့် တကယ့်လက်တွေ့မှာ အဲဒီထက်ပိုမှာပါ။ အိမ်မဆောက်မီ မြေညှိပေးရတဲ့တန်ဖိုးကိုက နည်းမှာ မဟုတ်သလို သယ်ယူပို့ဆောင် စရိတ်တွေလည်း ရှိသေးတယ်မဟုတ်လား။ ဒါတွေအတွက် လုပ်ငန်းရှင်များ အပိုင်းကရော၊ နိုင်ငံတော်အပိုင်းကပါ စိုက်ထုတ်ကျခံပေးကြရမှာပါပဲ။ ဘာပဲပြောပြော လူတွေအတွက် အားထုတ်ရမှုအကြီးမားဆုံးဖြစ်တဲ့ နေရေးကိစ္စတော့ ပြေလည်ခဲ့ပါပြီ။ နိုင်ငံတော်နဲ့ အလှူရှင် ရဟန်းရှင်လူ ပြည်သူများ၊ ဆောက်လုပ်ရေးကုမ္ပဏီကြီးများကို ကျေးဇူးတင်ရမှာပါ။

ကျန်းမာရေးအပိုင်းမှာလည်း ဖျာပုံပြည်သူ့ဆေးရုံကြီးကို ခုတင် (၂၀၀) အဆင့်၊ ဘိုကလေး၊ မော်လမြိုင် ကျွန်း၊ လပွတ္တာဆေးရုံတွေကို ခုတင် (၁၀၀)အဆင့် တိုးမြှင့်ဆောက်လုပ်ပေးဖို့ရှိပါတယ်။ ကျေးလက်ဆေးပေး ခန်းတွေကိုလည်း ဒေသတစ်ခုနဲ့တစ်ခု ဆက်စပ်မိအောင် တိုးချဲ့ဖြန့်ကြက် ဖွင့်လှစ်ပေးသွားမယ်လို့ သိရပါ တယ်။ ဖျာပုံခရိုင် ခုတင် (၂၀၀) ဆံ့ဆေးရုံဆိုရင် နေပြည်တော်မှာရှိတဲ့ ဆေးရုံပုံစံအတိုင်း Plinth Level မြင့်ပြီး Operation Theatre အနည်းဆုံးခြောက်ခုပါဝင်တဲ့ တစ်ထပ်အဆောက်အအုံတွေအဖြစ် ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီးတော့လည်း ပျက်စီးခဲ့တဲ့ အခြေခံပညာကျောင်း တွေကို လုပ်ငန်းကုမ္ပဏီကြီးတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြုပြင်ဆောက်လုပ်ပေးလျက်ရှိပါတယ်။ ပြုပြင် တည်ဆောက်ရုံသာမက ကျောင်းသုံးပရိဘောဂများပါ ပါဝင်အောင် ဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပျက်စီးသွားတဲ့ ကျေးရွာများနေရာမှာ ရွာသစ်များ ပြန်လည်ထူထောင်မှု အခြေအနေအရ မူလတန်းကနေ အလယ်တန်း၊ အလယ်တန်းကနေ အထက်တန်းစသည်ဖြင့် အဆင့် တိုးမြှင့်ပေးမှုတွေအပြင် ယခင်က ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ထားတဲ့ တွဲဖက်ကျောင်းလေးတွေအားလုံးကို နိုင်ငံတော်က တာဝန်ယူတဲ့ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းတွေအဖြစ် တိုးမြှင့် သတ်မှတ်ဖွင့်လှစ်ပေးနိုင်ခဲ့လို့ ယခု ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်းဆိုတာ ပင်လယ်ပိုင်းဒေသမှာ လုံးဝမရှိတော့ပါဘူး။ ဒါဟာ သိသာထင်ရှားတဲ့ တိုးတက်အောင်မြင်မှုတစ်ခုလို့ ဆိုရမှာပါပဲ။

တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ လိုအပ်တဲ့ သွပ်အမိုးပြားတွေကို အခွန်ကင်းလွတ်ခွင့် ခြောက်လပေးပြီး ပြည်ပမှ တင်သွင်းခွင့်ပြုကာ လေဘေးသင့်ပြည်သူများအတွက် အမြတ်များများမယူဘဲ ရောင်းချပေးဖို့အထိ နိုင်ငံတော်က စီစဉ်ပေးခဲ့ပါတယ်။ သစ်လိုအပ်ချက်အတွက်လည်း ဌာနပိုင်သစ်စက် များနဲ့ သစ်အခြေခံပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေပူးပေါင်းထုတ်လုပ်ပြီး သစ်မာ/အခြားသား ခွဲသားတွေ၊ သစ်မာ/အခြားသားသစ်လုံးတွေ တန်ပေါင်း သောင်းဂဏန်း၊ သိန်းဂဏန်းအထိ လေဘေးသင့်ဒေသတွေအတွက် ပေးပို့နိုင်ခဲ့ပါတယ်။ ဒီလိုတည်ဆောက်ရေးသုံး အဓိကလိုအပ်ချက်တွေကို နိုင်ငံတော်အပိုင်းက တတ်နိုင် သမျှဖြည့်ဆည်းပေးခဲ့တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ဒီလောက်အထိ မြန်မြန်ဆန်ဆန် ပြီးမြောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်ကြားမိသလောက် စက်ဆန်းမြို့ကို မြို့ကွက်ရိုက်ပြီး အသစ်ပြန်လည်တည်ဆောက် မှာဖြစ်ပါတယ်။ အလားတူ လပွတ္တာမြို့ကို ရွှေ့ပြောင်းတည်ဆောက်မှာဖြစ်ပြီး ကျောင်း၊ ရုံး၊ ဆေးရုံအားလုံး ကို မြို့သစ်မှာ တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ မိဘမဲ့ကလေးများအတွက် သင်တန်းကျောင်းတစ်ခု ကိုပါ အဲဒီမြို့သစ်ရဲ့ အထက်တန်းကျောင်းအနီးမှာ တည်ဆောက်ပေးသွားမယ်လို့ သိရပါတယ်။ မူလနေရာ မှာပဲ နေလိုသူတွေအတွက် သူတို့ဆန္ဒအတိုင်း ဆက်လက်နေထိုင်ခွင့် ပြုမှာဖြစ်သလို နိုင်ငံတော်က ပံ့ပိုး နေရာချတည်ဆောက်ပေးရမယ့်သူတွေနဲ့ ဆန္ဒအလျောက် ကိုယ်ပိုင်စရိတ်နဲ့ ပြောင်းရွှေ့လာလိုသူတွေကို လည်း နေရာများသီးခြားသတ်မှတ်ချထားပေးသွားမယ်လို့ကြားမိပါတယ်။ အလားတူ ပြင်စလူဆိုရင်လည်း နေရာဟောင်းမှာပဲ မြို့သစ်တည်ရတဲ့ အနေအထားလို့ ကျွန်တော်မြင်မိပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

ည်သူအားလုံးအနေနဲ့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊
ဲ့အဝနဲ့ အမျိုးသားရေး တာဝန်တစ်ရပ်ကို ညီညီညွတ်ညွတ်
ခဲ့ကြတဲ့ မှတ်တမ်းတွေက နာဂစ်မုန်တိုင်းရဲ့ ကြမ်းတမ်း
ပြန်ပြီး ချေဖျက်ဆေးကြော သန့်စင်ပေးနိုင်ခဲ့ပြီလို့ ဆိုချင်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ဧရာဝတီတိုင်း မအူပင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၈) တွင် အမှာစကားပြောကြားစဉ်။

(နယ်စပ်/စည်ပင်)

မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၈)သို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မအူပင်မြို့နယ်မှ အသင်းဝင်အဆိုပြုလွှာ ၇၀၅စောင်၊ ပန်းတနော်မြို့နယ်မှ အဆိုပြုလွှာ အစောင် ၅၅၀၊ ညောင်တုန်းမြို့နယ်မှ အဆိုပြုလွှာ အစောင် ၅၂၀ နှင့် ဓနုဖြူမြို့နယ်မှ အဆိုပြုလွှာ ၆၅၅စောင် စုစုပေါင်း အသင်းဝင်အဆိုပြုလွှာ အစောင် ၂၄၃၀ကို တာဝန်ရှိသူများက မအူပင်ခရိုင်အသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်ထံ ပေးအပ်သည်။

ယင်းနောက် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ၂၄ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မအူပင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ မရည်မွန်ခိုင်၊ မရည်မွန်ချိုမောင်သီဟလင်းနှင့် ပန်းတနော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပြည့်ဖြိုးအောင်တို့အားလည်းကောင်း၊ ကျန်ငါးဘာသာဂုဏ်ထူးရှင်၁၀ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦးတို့အားတာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မအူပင်မြို့ အထက်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် စုပေါင်း လှူဒါန်းငွေနှင့် ကျုံဝှာ အခြေခံပညာမူလတန်းကျောင်း ပြင်ဆင်ရန် အမိုးသွပ် ၈၆ ချပ်တို့ကို ပေးအပ်သည်။

ထို့နောက် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မအူပင်ခရိုင်အတွင်းရှိ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မအူပင်ခရိုင်အသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်၊ မအူပင်မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ ပန်းတနော်မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဆောင်ရွက်ခဲ့ပြီး ဧရာဝတီတိုင်းအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက သင်းလုံးကျွတ် အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မအူပင်ခရိုင် အသင်းအလုပ်အမှုဆောင် ဦးဝင်းသိန်းက မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်အသင်း အတွင်းရေးမှူးများက မြို့နယ်အလိုက် တစ်နှစ်တာ အတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို တင်ပြရာ ခရိုင်အတွင်းရေးမှူးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး အတည်ပြုခြင်း နှစ်ရပ်၊ ဆုံးဖြတ်ချက် တစ်ရပ်၊ မှတ်တမ်းတင်ခြင်း တစ်ရပ်တို့ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၈ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ် ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

(က) ပထမအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ဒုတိယနှစ်၊ တတိယနှစ်	သိပ္ပံအထူးပြုများအားလုံး	-	၆-၁၀-၂၀၀၈မှ ၁၃-၁၀-၂၀၀၈ထိ

(ခ) ဒုတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ဒုတိယနှစ်၊ တတိယနှစ်	အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ	၁၅-၁၀-၂၀၀၈ မှ ၂၄-၁၀-၂၀၀၈ ထိ	၂၈-၁၀-၂၀၀၈ မှ ၄-၁၁-၂၀၀၈ ထိ
၂။	စတုတ္ထနှစ်	ဥပဒေပညာ	၁၅-၁၀-၂၀၀၈ မှ ၂၄-၁၀-၂၀၀၈ ထိ	၂၈-၁၀-၂၀၀၈ မှ ၄-၁၁-၂၀၀၈ ထိ

(ဂ) တတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲ ကျင်းပမည့်ရက်
၁။	ပထမနှစ်၊ဒုတိယနှစ်၊ တတိယနှစ်	မြန်မာစာ၊မြန်မာမှုရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊အိမ်တွင်းစီးပွား၊ စီးပွားစီမံ	၇-၁၁-၂၀၀၈ မှ ၁၇-၁၁-၂၀၀၈ ထိ	၂၁-၁၁-၂၀၀၈ မှ ၂၉-၁၁-၂၀၀၈ ထိ

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးနှင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေအား စက်တင်ဘာ ၈ ရက်တွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ မ၌ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များ၏ မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် မြို့ပြသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ နှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြစ်ရေတင်လုပ်ငန်း၊ ရေစုကန်၊ ရေတွန်းစက်ရုံ၊ ကျောက်ကုန်းရှိ စက်ရေတွင်း အမှတ်(၁၃)တို့ကိုလည်း ကောင်း၊ မြို့ပတ်လမ်းနှင့် နတ်မောက် လမ်းဆုံရှိ တြိဂံပတ်လမ်း တိုးချဲ့ခြင်း လုပ်ငန်းကိုလည်းကောင်း**(အပေါ်ပုံ)**၊ မြို့ပတ်လမ်းနှင့် တောင်တွင်းကြီးသွား လမ်းဆုံရှိအဝိုင်းတွင် ကြာပန်းပုံပြုလုပ် နေသော လုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးအား တောင်တွင်းကြီးမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင် နီယာတို့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်ပြီးစီးသော မြို့ပြနှင့်ကျေးလက် စည်ပင်သာယာ ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြ ပြီး ဒုတိယဝန်ကြီးက လုပ်ငန်းပိုင်း ဆိုင်ရာများကို မှာကြားကာ မြို့ရေပေး ရေးပင်မရေစက်ရုံနှင့် ရေစုကန်တို့ကို လည်းကောင်း၊ ရှင်အုံးညိုလမ်း ကတ္တ ရာ ထပ်ပိုးလွှာခင်းနေမှု လုပ်ငန်းကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၃၃/၂၀၀၈) ကြိမ်မြောက် အစည်း အဝေးကို စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက၊ နေပြည်တော်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ယင်းနောက် ယခင်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်ပြပြီး နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းက အပတ်စဉ် ယခင်၊ ယခု ယာဉ်တိုက်မှု နှိုင်းယှဉ်ချက်များ၊ စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ မှ စစ်ဆေးဆောင်ရွက်သည့် လုပ်ငန်း စဉ်များအား ရှင်းလင်းတင်ပြ သည်။

ထို့နောက် ကော်မတီ၊ ဆပ်ကော် မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ ရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်း ကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီနာယက၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ(၃၃/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်းအလေးမပြိုင်ပွဲနှင့် ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၄

အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့်မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် တို့ ပူးပေါင်း၍ အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန် မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဦးသောင်းထိုက် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဝင်များ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလေးမ အားကစားဝါသနာရှင်များ တက် ရောက်ကြပြီး ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်း အမျိုးသားအသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ချုပ်ထံ ပြန်လည်အပ်နှံသည်။

ယှဉ်ပြိုင်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာ စကားပြောကြားကာ **(အောက်ပုံ)** ပြိုင်ပွဲများကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ဝင် အသင်းများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပ သည်။ အဆိုပါ ပြိုင်ပွဲတွင် ပြည်နယ် နှင့် တိုင်း ၁၁ သင်းတို့မှ အလေးမ အားကစားသမားများ ပါဝင်ယှဉ်ပြိုင် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်း ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ သင်တန်း (UMFCCI Level I) အပတ်စဉ်(၃၁) ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက် လမ်းရှိ UMFCCI Training Centre ၌ ကျင်းပရာ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန် ဝင်းလှိုင်က အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအောင်က သင်တန်းနှင့်စပ်လျဉ်းသည့် ဘာသာ ရပ်များအကြောင်းကို ရှင်းလင်းပြော ကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်း သား၊ သင်တန်းသူ ၉၆ ဦးတို့ တက် ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း ၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း ၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း ၂၅ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း ၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စံပါပဲ (အပိုင်း-၁၅)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက်မြဝတီ ၏တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဖြူစင်ခြင်းရဲ့ နောက်ကွယ် (အပိုင်း-၂၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

❑ အသည်းကောင်းလို့မှ

ရွှေခါးပတ်ချန်ပီယံ လေးဦးတွေ့ဆုံသည့် ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့်ချာန်ထူး(တောင်ကလေး)တို့၏ပွဲစဉ်၊ဝင်းထွန်း(လယ်/ဆည်)နှင့်ကြယ်လင်းအောင် (တောင်ကလေး)တို့၏ပွဲစဉ်များမှာအရှုံးအနိုင်မပေါ်ဘဲ သရေပွဲများဖြင့်သာ ပြီးဆုံးခဲ့သည်။

လေးချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ်နေမင်း(ရက္ခဗျာလ)နှင့်ဝင်းခန့်ကျော်(မျိုးဇာနည်)တို့ ယှဉ်ပြိုင်ကြရာ အလူးအလဲဖြင့် သရေကျသွားသည်။ ပွဲစဉ်တစ်လျှောက်နေမင်းကလက်ရည်အသာဖြင့်ဖိထိုးသွားပြီး ဝင်းခန့်ကျော်မှာ ခံနိုင်ရည်ကောင်း၍သာ သရေကျသွားခြင်းဖြစ်သည်။ ပူတူတူးလေး(တောင်ကလေး)နှင့်ထူးစံ(ရက္ခဗျာလ)တို့၏ပွဲမှာ ပထမပွဲထက် သူတင်ကိုယ်တင်ရှိခဲ့သည်။ ဒုတိယအချီမှစ၍ ပူတူတူးလေးက အသာစီးမှ ထိုးလာနိုင်ပြီးစတုတ္ထအချီတွင် ထူးစံအမှတ်စဉ်လေးကြိမ်ရေတွက်ခံရ၍ပူတူတူးလေး အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

စိုးဒေဝါ(အမရပူရ)နှင့်ငမန်းပေါက်(မြန်မာ့သွေးသစ်)တို့ ပွဲတွင် စိုးဒေဝါက ပထမအချီ ၁မိနစ်၂၂စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

စိုးလင်းဦး (မျိုးဇာနည်) နှင့် ဇော်ဟိတ်(ရက္ခဗျာလ) တို့ ပွဲတွင် ဇော်ဟိတ်က ခန္ဓာကိုယ်အရွယ်အစားသာသော်လည်း ပညာမသေးသော စိုးလင်းဦးက အသာစီးမှပင် ထိုးသွားနိုင်သည်ကို တွေ့ရသည်။ ဇော်ဟိတ်မှာစိုးလင်းဦး၏ထိုးချက်များကို ရှောင်လိုက်၊ ကြမ်းပြင်ပေါ်တွင် လှဲလိုက်လုပ်နေ၍ဒုတိယအချီတွင် ဒိုင်ချုပ်က စိုးလင်းဦးကို အနိုင်ပေးလိုက်သည်။ စနေထွန်း (မြန်မာ့သွေးသစ်) နှင့် ဇွဲမာန်(အမရပူရ)တို့ပွဲမှာ စနေထွန်း လက်သီးစွမ်းပြ၍ ဇွဲမာန်ကို အလဲထိုးဖြင့်အနိုင်ရရှိသွားသည်။

(၅)ချီစိန်ခေါ်ပွဲပထမပွဲစဉ် ဝမ်းတူး(မျိုးဇာနည်) နှင့် ကြယ်လေး(မြန်မာပြည်သား)တို့ယှဉ်ပြိုင်ကြရာလက်ရည်မျှသဖြင့် ဘတစ်ပြန်ကျားတစ်ပြန်ရှိခဲ့သည်။ စတုတ္ထအချီ ၂မိနစ် ၃၇စက္ကန့်တွင် ကြယ်လေးက ဝမ်းတူးကိုပွဲသိမ်းလက်သီးပစ်သွင်းကာ အလဲထိုးဖြင့်အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်တွင် ဒိန်း(မြန်မာ့သွေးသစ်)က မျိုးဆက်သစ် (အလင်းရောင်)ကို ဒုတိယအချီ ၁မိနစ် စက္ကန့်၃၀တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်ထူးအောင်(တောင်ကလေး)နှင့် မိုက်တိုင်စန်(အလင်းရောင်)တို့ပွဲမှာ မိုက်တိုင်စန်က (၅)ချီစလုံးလက်သီး၊ ခြေ၊ဒူး၊တံတောင်မျိုးစုံသုံးကာ အသာစီးမှ ထိုးနိုင်ခဲ့သော်လည်း အသည်းမာသည့် ဆက်ထူးအောင်ကို ပွဲပြတ်အောင်မဖြတ်နိုင်၍သရေကျခဲ့ရသည်။ မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)နှင့် ရန်နိုင်အောင်(တောင်ကလေး)တို့ပွဲမှာ ဘတစ်ပြန်ကျားတစ်ပြန် ရှိခဲ့သော်လည်း တတိယအချီ ၁မိနစ် ၁၀စက္ကန့်တွင် ရန်နိုင်အောင်က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၏ အဓိကပွဲစဉ်များဖြစ်သည့် ရွှေခါးပတ်ချန်ပီယံလေးဦး၏ တွေ့ဆုံမှုအနက် ဝင်းထွန်းနှင့်ကြယ်လင်းအောင်တို့ပွဲမှာ ပရိသတ်မျှော်လင့်ထားသလို အကြိတ်အနယ် ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံ လေးဦး၏ ထိပ်တိုက်တွေ့ဆုံမှု ပထမပွဲစဉ်အဖြစ် ရန်ကြီးအောင် (မြို့တော်စည်ပင်နှင့်

ရန်ကြီးအောင် (မြို့တော် စည်ပင်)၏ခြေကန်ချက် ချာန်ထူး (တောင်ကလေး) ၏ ရင်ဘတ်သို့ အဝင်။

(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

ချာန်ထူး(တောင်ကလေး)တို့ ယှဉ်ပြိုင်ကြသည်။

ပထမအချီတွင် ပွဲမှာ ဘတစ်ပြန်ကျားတစ်ပြန်မဖြစ်ခဲ့ဘဲ နှစ်ဦးစလုံး အမှား စောင့်ထိုးနေကြရာ ပွဲမှာ ထင်သလောက်မမြိုင်ဆိုင်ဖြစ်နေသည်။ ရန်ကြီးအောင်မှာလုံးချောနှင့် ပွဲတုန်းက လက်ရည်မျိုးဖြင့် ထိုးသတ်လျှင် ဒုတိယအချီတွင် အသာရနိုင်သော်လည်း ပုံမှန်သာ ထိုးသတ်နေသည်။ ရန်ကြီးအောင်ရော ချာန်ထူးပါ အဝင်မရဘဲ အမှားစောင့်ထိုးနေကြ၍ ပရိသတ်များ အားမလိုအားမရ ဖြစ်ခဲ့ကြသည်။ ပဉ္စမအချီတွင် သူတင်ကိုယ်တင်ဖြစ်လာသော်လည်း သရေရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်)နှင့် ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင် (တောင်ကလေး)တို့၏ စိတ်မကျေပွဲမှာမူ ပရိသတ်များကို စိတ်ကျေနပ်မှုပေးနိုင်ခဲ့သောပွဲဖြစ်သည်။ ပွဲစကတည်းက အတင်းဝင် အတင်းထိုးဖြင့် ရင်ဆိုင်ကြသည်။ ဝင်းထွန်းက ပင့်လက်သီး၊ ထောက်လက်သီးများဖြင့် စတင်ရင်ဆိုင်သလို ကြယ်လင်းအောင်ကလည်း ခြေ၊ ဒူးတို့ဖြင့်ပြန်လည်တုံ့ပြန်သည်။ ကြယ်လင်းအောင်က အတင်းလိုက်ဖိထိုးသလို ဝင်းထွန်းကလည်းမရှောင်ဘဲ ရင်ဆိုင်တွေ့သည်။ ကြယ်လင်းအောင်၏ ဘယ်ဝိုက်လက်သီးကလည်း ဝင်းထွန်းကို အတော်ပင် အထိနာစေခဲ့သည်။

ဝင်းထွန်း၏ သုံးချက်ဆက်တိုက် ခြေကန်ချက်ဖြင့် ဒုတိယအချီကို စတင်ဖွင့်လှစ်သည်။ လက်သီးချင်းဆိုင်၊ ခြေချင်းအတွေ့၊ သတ္တိချင်းပြိုင်ဟု ဆိုရလောက်အောင် ဝင်းထွန်းနှင့် ကြယ်လင်းအောင်တို့ပွဲမှာ အကြိတ်အနယ် ရှိလာသည်။ ဒုတိယအချီ ပြီးခါနီးတွင် ကြယ်လင်းအောင်အသာရလာပြီး ဝင်းထွန်းကို ကြိုးဝိုင်းထောင့်ပိတ်ထိုးသည်။ တတိယအချီနှင့် စတုတ္ထ အချီတွင်လည်း ကြယ်လင်းအောင်ကသာ အသာရခဲ့သည်။ ကြယ်လင်းအောင်က ပွဲသိမ်းရန် အတင်း လိုက်ဖိ ထိုးသော်လည်း ဝင်းထွန်းကလည်း ကြမ်းပြင်တွင် လှဲပြီးရှောင်နေသည်။ ဝင်းထွန်း မကြာခဏလှဲနေ၍ ကြိုးဝိုင်းဒိုင်က သတိပေးနေရသည်။ နောက်ဆုံးအချီတွင်ဖွင့်ထိုးလာသောကြယ်လင်းအောင်ကို အလစ်အငိုက်ဖမ်းပြီး ဝင်းထွန်းက ပင့်ဒူးသုံးလိုက်ရာ ကြယ်လင်းအောင် ယိုင်ဆင်းသွားသည်။ အလူးအလဲ၊ အလဲအကွဲများဖြင့် ပူးတွဲသရေကျသွားသည်။ (ကြေးမုံ)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"ဘဝအလှနှင့်ဓမ္မအလှ" တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇:၅၀ - ၁:၅၀	အနာဂတ်ပညာရည်၊ တိုးတက်ဖို့စိတ်တည်၊ စွမ်းအားဖြည့်ကူညီ
၈:၁၀ - ၂:၁၀	Soccer Update
၈:၂၅ - ၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀ - ၂:၃၀	နိဗ္ဗာန်ရောက်ကြောင်းတရားအားထုတ်ရာ အပြည့်ပြည့်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာရိပ်သာ
၈:၄၅ - ၂:၄၅	လမ်းညွှန်ပေးစက် GPS
၉:၀၅ - ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ - ၃:၁၀	လူငယ်ထုအကျိုးတစ်ဖက်တစ်လမ်းမှသယ်ပိုးပြည်ခိုင်ဖြိုး
၉:၂၀ - ၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅ - ၃:၂၅	လှပသစ်ဆန်းအလှပြင်ခန်း (Royal Himiko Beauty Saloon)
၉:၄၀ - ၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ - ၃:၄၅	TOYO Battery ၏ စက်ရုံအလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံးဆု ချီးမြှင့်ပွဲအခမ်းအနား
၁၀:၀၀ - ၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ - ၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀ - ၄:၁၀	ပဲခူးသက်သတ်လွတ်သနပ်စုံ
၁၀:၂၀ - ၄:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀- ၄:၃၀	အလင်္ကာတိတ်ဆိတ်မှုနှင့် နက်ရှိုင်းပဲ့တင်သံ
၁၁:၀၀- ၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅- ၅:၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းရောင်အသားဝါပိုးများအကြောင်း) (ပါမောက္ခဒေါက်တာဦးသံစစ်နှင့်တွေ့ဆုံခြင်း)
၁၁:၂၅ - ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	ဘဝသစ်ရဲ့စာမျက်နှာ (အကယ်ဒမီမြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ ငြိမ်းချမ်း၊ ထက်ထက်၊ ဝိုင်းချစ်) [အောင်မိုး (ပဲရစ်)]
၁၁:၄၅ - ၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀ - ၅:၅၀	Biz Net
၁၂:၀၅ - ၆:၀၅	ဧရာဝတီတိုင်း ညောင်တုန်းမြို့မှ သီရိမဟာမင်္ဂလာရာမ၊ ရွှေဟင်္သာတောရကျောင်းတိုက်
၁၂:၂၅ - ၆:၂၆	နိုင်ငံတကာအနုပညာရေးရာ
၁၂:၄၅ - ၆:၄၅	စေတနာအစွမ်းဖြင့်ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Tottenham - Aston Villa	ESPN (Live)



ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ ၁၆လက်မ၊ ရေးမြို့တွင် ၃ဒသမ ၇၄လက်မ၊ ဂွမြို့တွင် ၃ဒသမ၃၉လက်မ၊ ဘားအံမြို့တွင် ၃ဒသမ ၂၃လက်မ၊ မကွေးမြို့တွင် ၃ဒသမ ၁၉လက်မ၊ သထုံမြို့တွင် ၃ဒသမ ၀၃လက်မ၊ ထားဝယ်မြို့တွင်၂ဒသမ ၈၀လက်မ၊ မင်းဘူးမြို့တွင် ၂ဒသမ၆၈ လက်မ၊ မချမ်းဘောမြို့တွင် ၂ဒသမ ၆၀လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၅၆ လက်မ၊ ပဲခူးမြို့တွင် ၁ဒသမ ၉၇လက်မနှင့် အောင်လံမြို့တွင် ၁ဒသမ ၉၆ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်၁၂နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် တစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

စက်တင်ဘာ ၁၅ရက် ညနေထိ ခန့်မှန်းချက်။ ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီ တိုင်း တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ရခိုင်ပြည်နယ်တွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၂ ဒီဂရီဖာရင်ဟိုက်)	၁၃-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၁၄-၉-၂၀၀၈
၀၉:၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း	၁၄-၉-၂၀၀၈
နေပူသည့်နာရီပေါင်း ၀ ဒသမ ၂ နာရီခန့်	၁၃-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၄-၉-၂၀၀၈	၃၅ မမ (၁ဒသမ ၃၈လက်မ)	၁၅ မမ (၀ဒသမ ၅၉လက်မ)	၂၄ မမ (၀ဒသမ ၉၄လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၂၅၂မမ (၈၈ဒသမ၆၆လက်မ)	၂၅၀၅ မမ (၉၈ဒသမ၆၂လက်မ)	၂၉၃၅ မမ (၁၁၅ဒသမ၅၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၃-၉-၂၀၀၈ရက် ၅:၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မြောင်းမြမြို့ ပြည့်စုံစက်မှုလက်မှုနှင့် ကျော်သစ္စာ စက်မှုလက်မှုတို့မှ ထုတ်လုပ်သော လယ်ယာသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးစပါးထွန်ယက်စိုက်ပျိုးရေး ကူညီဆောင်ရွက်ခဲ့ကြသူများအားဂုဏ်ပြု ဒေသခံပြည်သူများ လူမှုဘဝမြင့်မားအောင် ဝိုင်းဝန်းကူညီပံ့ပိုး

နေပြည်တော် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၉ရက်က မြောင်းမြမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပသော မုန်တိုင်းဒဏ်ခံရသည့် လပွတ္တာမြို့နယ်တွင် မိုးစပါး ထွန်ယက် စိုက်ပျိုးရေးလုပ်ငန်းများ၌ ကူညီဆောင်ရွက်ခဲ့သော စေတနာရှင်များအား ဂုဏ်ပြုပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက တိုင်း၏မိုးစပါးလျာထားဧက ၃၇သိန်း အပြည့်အဝစိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် **စာမျက်နှာ ၆ ကော်လံ ၄ သို့ m**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှ မုန်တိုင်းငယ် ဩရိဿကမ်းခြေကို ဝင်ရောက်မည်ဟု ခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၉၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို နောက် ၂၄နာရီအတွင်း ဖြတ်ကျော်ကာ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Mandate အစစ်

k ၁၉၉၀ နှစ်နဲ့
၂၀၀၈ ဆိုသည်မှာ။
ဆယ့်ရှစ်နှစ် အတိတ်ဟောင်း
ကြာညောင်းခဲ့ပါ။
ဘယ်သင်းက လန်းဆတ်ကာ
ဘယ်ဟာက ဟောင်းမြွေသလဲ။
အဟောင်းကို ဖက်တွယ်ထားလျှင်
မှားလိမ့်မလွဲ။

k ၉၂ ဒသမ ၄၈ နဲ့
၃၈ ဒသမ ၁၃ ဟာ …။
ရာခိုင်နှုန်း ဘယ်သူများ
ခွဲခြားကြည့်ပါ။
လန်းဆတ်မှု တစ်ပန်းသာ
အရေအတွက်မှာ ပို၍များ။
အဲဒါဟာ ပြည်သူ့စိတ်
အဲဒါဟာ ပြည်သူ့အရိပ်
အဲဒါမှ Mandate အစစ်
ဆန်းစစ်ကြည့်ဗျား။ ။

နိုင်ဝင်း(နေပြည်တော်)

အသည်းကောင်းလို့ ပွဲတောင်းသူ ဝင်းထွန်းနှင့် ကြယ်လင်းအောင်တို့ သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ကိုကိုစိုးညွန့်

ရန်ကုန် စက်တင်ဘာ ၁၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ ထက်လင်းဒဏ်ကြေလိမ်းဆေးက ပံ့ပိုးကူညီပြီး H&S Groupက တာဝန်ယူကျင်းပသော ‘အသည်းကောင်းလို့ ပွဲတောင်းသူများ’ ပွဲစဉ်(၅) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။**စာမျက်နှာ၁၁ ကော်လံ ၁ သို့ ၎**

ဝင်းထွန်း၏ ဒူးပျံတိုက်ချက် ကြယ်လင်းအောင်ကို မိမိရရထိ။

ဗိုလ်မြတ်ထွန်းတံတားဝန်းကျင်၌ ကမ်းထိန်းနံရံများ ဆောင်ရွက်ထားစဉ်။

ရေလမ်းကြောင်း ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများထားရှိဆောင်ရွက်နေသည့် မြန်မာနိုင်ငံ

သတင်းဆောင်းပါး-မောင်သဘာဝ

ရန်ကုန် စက်တင်ဘာ ၁၄

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံအတော်များများ၌ မိုးရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်းများဖြစ်ပွားနေသည်ကိုကြားသိနေရသည်။ မြန်မာနိုင်ငံအနေဖြင့် ပင်ကိုအားဖြင့် ရေခံ၊ မြေခံ၊ သဘာဝအခြေခံနှင့် မြန်မာတို့၏ ကောင်းမွန်သော အခြေခံအကြောင်းတရားများကြောင့် ယနေ့ နိုင်ငံတကာတွင် ကြုံတွေ့နေရသော ရေကြီးခြင်း ရေလျှံခြင်း ဒုက္ခများနှင့် ယနေ့ကာလ၌ ကင်းဝေးသည်ကိုလည်း မြင်တွေ့ကြားသိ နေရပေမည်။

ယင်းသို့ကင်းဝေးနိုင်အောင်လည်း မူလကတည်းက နိုင်ငံတော်က အစီအမံများ ထားရှိဆောင်ရွက်လျက်ရှိသကဲ့သို့ **စာမျက်နှာ ၆ ကော်လံ ၁ သို့ a**